ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်၊ တနင်္လာနေ့၊ (24-1-2005) (၄၄၈၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံ၏အိုင်စီတီဖွံ့ဖြိုးတိုးတက်မှု ထင်ရှားသည့်သာဓကများနှင့် ဖြစ်ထွန်းအောင်မြင်ဆိုက်ဘာဥပဒေများ မကြာမီကာလအတွင်း ပြည့်ပြည့်စုံစုံပြဋ္ဌာန်းနိုင်အောင် ဆက်လက်ဆောင်ရွက် ကွန်ပျူတာသုံး မြန်မာစာစနစ်စံများ သတ်မှတ်နိုင်ပြီး ကွန်ပျူတာတွင်သုံးနိုင်ရန် တီထွင်ထား

ရန်ကုန် ဇန်နဝါရီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံ အီလက်ထရောနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့နှင့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းတို့ ပူးပေါင်းကျင်းပသည့် စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ် ၂၀၀၅ (The Fourth Myanmar ICT Week 2005) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ၌ ကျင်းပရာ မြန်မာနိုင်ငံကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ အီလက်ထရောနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ MICTDC ဒါရိုက်တာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မန္တလေး ICT Park မှ တာဝန်ရှိသူများ၊ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ပညာရှင်များ၊ မြန်မာနိုင်ငံရှိ IT ကုမ္ပဏီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲

မြန်မာ အိုင်စီတီ ရက်သတ္တပတ်–၂၀၀၅ ဝန်ကြီးဌာနနှင့် ပုဂ္ဂလိက ပြခန်းများ ခင်းကျင်းပြသ

ရန်ကုန် ဇန်နဝါရီ ၂၃

စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ်–၂၀၀၅ ပြပွဲ အစီအစဉ်များကို ယနေ့နံနက် ၁၀နာရီ မှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံဝင်းအတွင်း၌ ဆက်လက်ပြသလျက်ရှိရာ အိုင်တီပညာရပ်ကို စိတ်ဝင်စားကြသော ဌာနဆိုင်ရာဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများ လာရောက်ကြည့်ရှု လေ့လာကြသည်။

အဆိုပါပြပွဲတွင် ဝန်ကြီးဌာနပြခန်း ၁၄ခန်း၊ ပြည်တွင်းပြည်ပကုမ္ပဏီများမှ ပြခန်း ၁၉၆ခန်းတို့၌ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာများနှင့် ထုတ်ကုန်ပစ္စည်းများ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကို ခင်းကျင်းပြသထားသည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ✧

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၄-၁-၂၀၀၅
(တနင်္လာနေ့)

ကျန်းမာရေးသုတေသနလုပ်ငန်းများ အရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍတွင် ငွေကြေးအမြောက်အမြား ရင်းနှီးမြှုပ်နှံ၍ ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများ၏ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရောဂါကြိုတင်ကာကွယ်ရေး၊ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေး၊ ရောဂါရှာဖွေရေးနှင့် ကျန်းမာမှု ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တာဝန်ယူအကောင်အထည်ဖော် နေသည်။

ထို့အတူ ကျန်းမာရေးဝန်ကြီးဌာနက လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယ ကင်းရှင်းရေး အဓိက ရည်မှန်းချက်နှစ်ရပ်ချမှတ်ပြီး ရောဂါကာကွယ်ရေး၊ကုသရေးနှင့် ကျန်းမာရေး အဆင့်အတန်း မြှင့်တင်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်နေသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အဖြစ်များသော ရောဂါခြောက်မျိုးဖြစ်သည့် ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါတို့ကို ဦးစားပေး သုတေသနပြု ဆောင်ရွက်ရန် လမ်းညွှန်မှုပြုထားသည်။

ကျန်းမာရေးဝန်ကြီးဌာန ၂၀၀၄ခုနှစ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကို ၂၀၀၅ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့မှ ၁၉ရက်နေ့အထိ ကျင်းပခဲ့သည်။ သုတေသနညီလာခံကို နှစ်စဉ်ကျင်းပရာတွင် သုတေသနပြုလုပ် တွေ့ရှိချက်များကို သုတေသီပညာရှင်အချင်းချင်း ဆွေးနွေးဖလှယ်ကြရန်နှင့် သုတေသနပြုလုပ် တွေ့ရှိချက်များကို အသုံးချမည့် လက်ဝယ်သို့ ရောက်ရှိစေရန်ဟူသည့် ရည်ရွယ်ချက်တို့ဖြင့် ကျင်းပခြင်းဖြစ်သည်။

အဆိုပါ သုတေသနညီလာခံတွင် ကျန်းမာရေးဝန်ကြီးဌာန၊ ဆက်နွယ်နေသောဝန်ကြီးဌာနများနှင့်ပြည်တွင်း၊ပြည်ပတို့မှ သုတေသနပညာရှင်များက ကျန်းမာရေးသုတေသနစာတမ်း အစောင် ၇၀ ကို ဖတ်ကြားတင်သွင်းခဲ့ကြသည်။

ထို့ပြင် အဆိုပါ သုတေသနညီလာခံတွင် ဆွေးနွေးပွဲ ခုနစ်ခုကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

သုတေသနညီလာခံတွင် ဖတ်ကြားတင်သွင်းသော စာတမ်းများ၌ နိုင်ငံတော်အကြီးအကဲက သုတေသနများဆောင်ရွက်ရန် လမ်းညွှန်မှုပြုထားသည့် ရောဂါကြီးခြောက်မျိုးနှင့် နီးနွယ်ဆက်စပ်သော သုတေသနစာတမ်းများ ပါဝင်သည်ကိုတွေ့ရသည်။ အထူးသဖြင့် ငှက်ဖျားရောဂါနှင့်ပတ်သက်သည့် စာတမ်း ၁၀ စောင်ဖတ်ကြားတင်သွင်းခဲ့ကြသည့်အပြင် တိုင်းရင်းဆေးသုတေသနစာတမ်း ခြောက်စောင်ကိုလည်း တင်သွင်းဖတ်ကြားခဲ့ကြသည်။

သုတေသနစာတမ်းဟူသည် သုတေသနလုပ်ငန်းတစ်ရပ်ပြီးမြောက်ခြင်းပင်ဖြစ်ရာ အဆိုပါ သုတေသန လုပ်ငန်းများမှ တွေ့ရှိချက်များသည် ခိုင်မာပြီး အများကလက်ခံကာ အသုံးချသည့်အဆင့်သို့ ရောက်ရှိအောင် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ရောဂါကြီး ခြောက်မျိုးနှင့် စပ်လျဉ်း၍ ထက်မြက်ထိရောက်သည့် ရောဂါကုထုံးများ၊ ဆေးဝါးများသုတေသနပြု ဖော်ထုတ်ရာတွင် တိုင်းရင်းဆေးသုတေသနနှင့် ဆက်စပ်လုပ်ဆောင်ကြရမည်ဖြစ်သည်။

ထို့ပြင် အသစ်ပေါ်ပေါက်လာသည့် ကူးစက်မြန်ရောဂါများကို စဉ်ဆက်မပြတ်လေ့လာစောင့်ကြပ်ကြည့်ရှုရင်း အဆိုပါ ရောဂါများနှင့် နီးနွယ်ဆက်စပ်သော ဓာတ်ခွဲခန်းအခြေပြု သုတေသနများကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ တိုးမြှင့်လွှမ်းခြုံ ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေး သုတေသနလုပ်ငန်းများကို ဆက်လက်၍ အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊

☆ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် မောက်မယ်မြို့နယ် စာရင်းစစ်ရုံး တည်ဆောက်ထားမှု ကြည့်ရှု နမ့်ယွန်းချောင်းဖြတ် ကျောင်းခုံတံတား တည်ဆောက်ရေးလုပ်ငန်းခွင် စစ်ဆေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၂၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၇ ရက် နံနက် ၈ နာရီက မောက်မယ်မြို့သို့ ရောက်ရှိပြီး မြို့နယ်စာရင်းစစ်ရုံးတည်ဆောက်ထားရှိမှုနှင့် ဌာနဆိုင်ရာရုံးခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးအား ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းနှင့် တာဝန်ရှိသူများက လိုက်ပါရှင်းလင်းပြသကြပြီး တိုင်းမှူးက တင်ပြချက်များ အပေါ်လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကျောင်းခုံတံတား

ထိုမှတစ်ဆင့် တိုင်းမှူးသည် မောက်မယ်မြို့နယ် ကျောင်းခုံတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တိုင်းမှူးအား စီမံကိန်း လက်ထောက် အင်ဂျင်နီယာ ဦးဆလိုင်းဘိုအုပ်က တံတား တည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက စီမံကိန်း လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ကျောင်းခုံတံတားသည် နမ့်ယွန်းချောင်းအား ဖြတ်ကျော် တည်ဆောက်ထားပြီး အရှည်ပေ ၂၃၀၊ ယာဉ်သွားလမ်းအကျယ် ၁၂ ပေရှိ အုတ်မြစ်သစ်သားပိုင်တိုင် အပေါ်ထည် သစ်သားရက်မကြမ်းခင်းနှင့် ဘေလီပေါင်းစပ် တံတားအဖြစ် တည်ဆောက်ထားကြောင်း သိရှိရသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက်တိုင်းမှူးသည် မောက်စံဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ရေးဟောင်း ကျောင်းဆောင်နှင့် ပေပုရပိုက်များအား ကြည့်ရှုစစ်ဆေး၍ မောက်စံကျောင်း ဆရာတော် ဘဒ္ဒန္တ သူရိန္ဒအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းပြီး သာသနာရေးဆိုင်ရာများအား လျှောက်ထားသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၁၈ ရက် နံနက်၉နာရီက လှိုင်သာယာမြို့နယ် အိပ်ရှ်အိုင်ဗီ၊ အေအိုင်ဒီအက်စ် ရောဂါ ပညာပေးဆိုင်းဘုတ်ဖွင့်လှစ်ပွဲတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးစံသိန်း၊ မြို့နယ် ဥက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့် မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်း ဥက္ကဋ္ဌ ဦးမောင်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(၃၂၉)

စီမံ/စီးပွားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဝန်ကြီး ဦးစိုးသာ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၂၃

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်းရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင်အသီးသီးမှ စီမံကိန်း ဦးစီးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက မိမိတို့လုပ်ငန်း၊ ဌာနများအလိုက် ၂၀၀၄-၂၀၀၅ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်၊ တိုင်း စီမံကိန်းဦးစီးမှူးများက မိမိတို့သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းများအလိုက် ၂၀၀၄-၂၀၀၅ခုနှစ် ဧပြီလမှဒီဇင်ဘာလအထိ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အခြေအနေနှင့် ၂၀၀၅-၂၀၀၆ ခုနှစ် စီမံကိန်းရည်မှန်းချက်များနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

မြှင့်တင်သွားနိုင်

ထို့နောက် ဝန်ကြီးက တတိယကာလတို ငါးနှစ်စီမံကိန်းအတွင်း နိုင်ငံတော်၏ စီးပွားရေးနှင့် ငွေရေးကြေးရေး အခြေခံကောင်းများဆက်လက်ဖြစ်ပေါ်ရေးအတွက် ထားရှိသည့် ရည်မှန်းချက်များကို ရှင်းလင်းပြောကြား၍ စီမံကိန်းစတုတ္ထနှစ်ဖြစ်သည့် ၂၀၀၄-၂၀၀၅ ခုနှစ် ဒီဇင်ဘာလကုန်အထိ ဂျီဒီပီ တိုးတက်မှုနှုန်း၊ ငွေကြေးဖောင်းပွမှု၊ ပြည်ပကုန်သွယ်မှု ပို‌ငွေ၊ လိုငွေ၊ နိုင်ငံခြားငွေ အရအသုံးစာရင်း၏ သာမန်စာရင်းအခြေအနေတို့ကို သုံးသပ်ပြောကြားပြီး ကောင်းမွန်လျက်ရှိသည့် အခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် အားလုံးဝိုင်းဝန်းကြိုးပမ်းကြရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပြည်သူတို့က ယုံကြည်အားထားသောဌာနဖြစ်ရန် လုပ်ဆောင်ကြရန်လိုအပ်ကြောင်း၊ မိမိသည် ဌာန၊ ဌာနသည် မိမိဟုခံယူပြီး ဌာနနှင့်နိုင်ငံတို့ကိုမြှင့်တင်သွားနိုင်သည့်အရည်အချင်း ပြည့်ဝသောဝန်ထမ်းကောင်းများ ဖြစ်စေရန်ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မွန်းလွဲပိုင်းတွင်ရပ်နားလိုက်သည်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၂၃

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် အင်းစိန်မြို့နယ်ရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာ အသားကဏ္ဍ မွေးမြူထုတ်လုပ်မှု တိုးမြှင့်ရေး၊ တိရစ္ဆာန်ရောဂါကာကွယ်ကုသရေးဆိုင်ရာလုပ်ငန်းများ ထိရောက်ကျယ်ပြန့်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အမှာစကားပြောကြားသည်။

ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ပြည်နယ်နှင့် တိုင်း ဦးစီးဌာနမှူးများနှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်တို့က ဆွေးနွေးတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း အထက်မြန်မာပြည် ဒုတိယအထွေထွေမန်နေဂျာ၊ မွေးမြူရေးဌာန၊ တိရစ္ဆာန်အစာဝယ်ယူရေးဌာန၊ ဘဏ္ဍာရေးဌာနတို့မှ ဒုတိယအထွေထွေမန်နေဂျာများက မွေးမြူရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ အထွေထွေမန်နေဂျာ ဦးသန်းရွှေက မျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်အေးက ဖြည့်စွက်တင်ပြသည်။ ဌာနများ၏ လုပ်ငန်းဆိုင်ရာ ဆွေးနွေးတင်ပြချက်များအပေါ် မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင်က ခြုံငုံဆွေးနွေးတင်ပြသည်။

ယင်းနောက်ဝန်ကြီးက ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ အသားကဏ္ဍ တိုးတက်ထုတ်လုပ်ရန်အတွက် လိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း အမှာစကားပြောကြားစဉ်။ (မွေး/ရေ)

တတိအကြိမ် ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၁) ရပ်ကွက် သဟပုညကာရီ သံဃဒါန တနလ်ာ ဆွမ်းလောင်းအသင်းမှ တတိယအကြိမ် ဓမ္မသဘင်ကို ဇန်နဝါရီ ၂၅ရက်မှ ၃၀ရက်အထိ ညစဉ် ၇နာရီတွင် တရားဟောကြားမည်ဖြစ်ရာ ဓမ္မစေတီဆရာတော် အရှင်ကောသလ္လ၊ ရွှေပြည်ဟိန်းဆရာတော် အရှင် ခေမာသီရိလင်္ကာရ၊ မေတ္တာရှင်ရွှေပြည်သာ ဆရာတော် အရှင်ဇဝန၊ ရွှေပါရမီတောရ ဆရာတော်အရှင်ဆန္ဒာဓိက၊ စစ်ကိုင်း ရွှေဟင်္သာဆရာတော် အရှင်အာစာရာလင်္ကာရ၊ ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည် ဖြစ်သည်။ (၂၃)

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) ခစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၃

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲများ မစတင်မီ တာမွေမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် မရမ်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူလေးများ ပါဝင်သော ဘင်ခရာအဖွဲ့များက စစ်ချီတေးများ၊ အလှသရုပ်ဖော်ပြကွက်များဖြင့် စွမ်းရည်ပြ ဂုဏ်ပြုဖျော်ဖြေကြသည်။

ယှဉ်ပြိုင်

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)၊ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းနှင့် အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းများ ယှဉ်ပြိုင်ကြသည်။

သရုပ်ဖော်ပြကွက်

ထိုသို့ယှဉ်ပြိုင်ရာတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)က ဒို့စစ်သည်၊ ရဲသွေးရဲမာန်၊ မျိုးမြန်မာပြည်ရှာ စစ်ချီတေးများဖြင့် လည်းကောင်း၊ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းက ဒို့စစ်သည်၊ ရဲသွေးရဲမာန်၊ မျိုးမြန်မာပြည်ရှာ စစ်ချီတေးများဖြင့် လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက ဒို့ရဲ့မြန်မာ့တပ်မတော်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော် စစ်ချီတေးများဖြင့် လည်းကောင်း၊ အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းက မျိုးချစ်ဇာနည်၊ ဒို့ရဲ့မြန်မာ့တပ်မတော် စစ်ချီတေးများဖြင့် လည်းကောင်း သရုပ်ဖော်ပြကွက်များဖြင့် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက အလှသရုပ်ပြ ဖျော်ဖြေကြသည့် တာမွေမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် မရမ်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတို့မှ ဘင်ခရာအဖွဲ့များကိုယ်စား အဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

ယနေ့ကျင်းပသည့် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲသို့ ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်နှင့် တပ်မတော်အရာရှိကြီးများ၊ အမှတ်ပေး အကဲဖြတ်အဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

(၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်တို့ (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ထပဆ)

အမေရိကန်၏ ဝေဖန်ပြောကြားချက်သည် စိတ်ဓာတ်စစ်ဆင်ရေးသာဖြစ်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

တီဟီရန် ဇန်နဝါရီ ၂၂

မကြာမီကာလအတွင်းက အမေရိကန် ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်များ၏ ဝေဖန်ပြောကြားချက်အချို့သည် စိတ်ဓာတ်စစ်ဆင်ရေးသက်သက်သာဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ခါရာဇီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

အမေရိကန်အစိုးရက အီရန်အား သြဇာတိက္ကမလွှမ်းမိုးစေရန် စိတ်ဓာတ်စစ်ဆင်ရေး ညွှတ်ကွင်းအတွင်းသို့ ပိတ်မိအောင် ကြိုးပမ်းနေခြင်းသာဖြစ်ပြီး အီရန်အစိုးရက အမေရိကန်အစိုးရ၏ လှည့်ဖြားမှုကို သိရှိနိုင်သည့် အတွေ့အကြုံ ရင့်ကျက်နေပြီဖြစ်သည့် အချက်ကို လျစ်လျူရှုထားခြင်းသာဖြစ်ကြောင်း ခါရာဇီက ယူဂန္ဒာနိုင်ငံ ကမ်ပါလာမြို့တော်တွင် ပြောကြားသည်။

တိုက်တွန်း

အမေရိကန်သမ္မတ ဘုရှ်က အီရန်နိုင်ငံအား စစ်ရေးအရ တိုက်ခိုက်မှုကိစ္စကို ပယ်ချမည်မဟုတ်ဟု တနင်္လာနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းသို့ ပြောကြားပြီးနောက် တစ်ရက်ကြာတွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် လျာထားခံရသူ ကွန်ဒိုလီဇာရိုက်စ်က နိုင်ငံတကာ မိသားစုအနေဖြင့် အီရန်အစိုးရ၏ နျူကလီးယားလက်နက်ထုတ်လုပ်မှုကို တားဆီးရန်နှင့် ယင်းကိစ္စကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့တင်ပြရန် တိုက်တွန်းခဲ့သည်။

ဆက်လက်ကျင့်သုံး

အီရန်အစိုးရအနေဖြင့် မိမိမူဝါဒအတိုင်း ဆက်လက်ကျင့်သုံးနေမည်ဖြစ်ပြီး မည်သည့်ပဋိပက္ခမျိုးကိုမဆို ရှောင်ရှားကာ မိမိနိုင်ငံ၏ အကျိုးစီးပွားများကို အစွမ်းကုန် ကာကွယ်သွားမည်ဟု ခါရာဇီက အခိုင်အမာ ပြောကြားသည်။

အီရန်က အမေရိကန်၏ မည်သည့်ခြိမ်းခြောက်မှုကိုမဆို တုံ့ပြန်သွားမည်ဖြစ်ပြီး ယင်းသို့သော ခြောက်လှန့်လုံးများကို မည်သည့်အခါမျှ ကြောက်ရွံ့မှုမရှိကြောင်း၊ အီရန်နိုင်ငံသည် မိမိနိုင်ငံ၏ အကျိုးစီးပွားအား ကာကွယ်ရာတွင် မည်သည့်အခါမျှ တုံ့နှေးမည်မဟုတ်ကြောင်း ခါရာဇီက ပြောကြားသည်။

ဟန့်တား

အီရန်နိုင်ငံ၏ နျူကလီးယား သုတေသနပြုမှု အစီအစဉ်သည် ငြိမ်းချမ်းမှုရှိသော အစီအမံဖြစ်ကြောင်း၊ ဒေသတွင်း ရန်သူများနှင့် ထိပ်တိုက်ရင်ဆိုင်ရာတွင် ထိရောက်စွာ ဟန့်တားရန် သက်သက်သာဖြစ်ကြောင်း ၎င်းက အခိုင်အမာ ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



အီရတ်နိုင်ငံ တီကရစ်မြို့တွင် အမေရိကန်တပ်ဖွဲ့များက မသင်္ကာသူတစ်ဦးအား ဖမ်းဆီးထားသည်ကို ဇန်နဝါရီ ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ရုရှားဂြိုဟ်တုနှစ်လုံး လွှတ်တင် မြေပြင်နှင့် ပုံမှန်ဆက်သွယ်နေ

မော်စကို ဇန်နဝါရီ ၂၃

ရုရှားနိုင်ငံ ပလီဆက် အာကာသစခန်းမှ ကြာသပတေးနေ့တွင် လွှတ်လိုက်သည့် ကော့စမော့–၃ အမ် ဒုံးပျံက ဂြိုဟ်တုနှစ်လုံးကို သတ်မှတ်သည့် ကမ္ဘာပတ်လမ်းကြောင်းများသို့ လွှတ်တင်ပေးလိုက်ကြောင်း အင်တာဖက်သတင်းဌာနက ကြေညာသည်။

ကမ္ဘာပတ် လမ်းကြောင်းအတွင်း လွှတ်တင်လိုက်သော ကော့စမော့ ကာကွယ်ရေး ဂြိုဟ်တုနှင့် ယူနီဗာစီတက်စကီးဂြိုဟ်တုတို့မှာ မြေပြင်နှင့် ပုံမှန်ဆက်သွယ်ကာ ကောင်းစွာ အလုပ်လုပ်ကိုင်လျက်ရှိသည်ဆို၏။

ယူနီဗာစီတက်စကီး ဂြိုဟ်တုမှာ မော်စကို နိုင်ငံတော်တက္ကသိုလ်က ဒီဇိုင်းဆွဲ တီထွင်ထုတ်လုပ်သည့် ဂြိုဟ်တုဖြစ်ပြီး၊ တက္ကသိုလ်၏ အကြိမ် ၂၅၀မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် အာကာသအတွင်းသို့ လွှတ်တင်သည့် ဂြိုဟ်တု ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

ကင်ညာလေကြောင်းကုမ္ပဏီလုပ်ငန်း ပိုမိုအဆင်ပြေရေး အီလက်ထရွန်းနစ် လက်မှတ်ရောင်းစနစ် စတင်ကျင့်သုံး

နိုင်ရိုဘီ ဇန်နဝါရီ ၂၂

ကင်ညာနိုင်ငံ လေကြောင်းကုမ္ပဏီက ကမ္ဘာတစ်ဝန်းလုံး အတိုင်းအတာဖြင့် လုပ်ငန်းများ အရှိန်တိုးမြှင့်ရန်အတွက် အမေရိကန်ဒေါ်လာ ၉၅၀၀၀ ကုန်ကျမည့် အီလက်ထရွန်းနစ် လေယာဉ် လက်မှတ်ရောင်းစနစ်ကို စတင်ကျင့်သုံးပြီဖြစ်ကြောင်း စတင်းဒတ်သတင်းစာက အင်္ဂါနေ့တွင် ဖော်ပြသည်။

တနင်္လာနေ့က စတင်ကျင့်သုံးသည့် စနစ်သစ်က လေယာဉ်လက်မှတ်များ ဝယ်ယူရောင်းချရေးကိစ္စတွင် စာရွက်စာတမ်းလုပ်ငန်းစဉ်များကို ဖယ်ရှားပစ်နိုင်မည်ဟု မျှော်လင့်ရသည်။ ခရီးသည်များအနေဖြင့် အပြည်ပြည်ဆိုင်ရာခရီးစဉ်အတွက် နိုင်ငံကူးလက်မှတ်ယူလာရန် သို့မဟုတ် ပြည်တွင်းခရီးစဉ်အတွက် အမျိုးသား မှတ်ပုံတင်ကတ်ယူလာရန်သာ လိုတော့ကြောင်း သတင်းစာက ရေးသားဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်မှ တပ်ဖွဲ့ရုပ်သိမ်းရေး အချိန်ဇယား သတ်မှတ်ရန် ဗြိတိသျှအစိုးရက အမေရိကန်အား တိုက်တွန်း

လန်ဒန် ဇန်နဝါရီ ၂၂

အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံမှ ရုပ်သိမ်းရေးအတွက် ယာယီအချိန်ဇယား ထုတ်ပြန်ပေးရန် ဗြိတိန်အစိုးရက အမေရိကန်အစိုးရအား တိုက်တွန်းလျက်ရှိကြောင်း ဒေးလီးတယ်လီဂရပ်ဖ်သတင်းစာက ကြာသပတေးနေ့က ရေးသားလိုက်သည်။

ယင်းကဲ့သို့ အချိန်ဇယား သတ်မှတ်ပေးရေးကိစ္စအား နှစ်လ၊ သုံးလအတွင်း တရားဝင် ကြေညာချက်ထုတ်ပြန်ရန် သမ္မတဘုရှ်က သဘောတူညီမည်ဟု ဝန်ကြီးချုပ်တိုနီဘလဲ အစိုးရက မျှော်လင့်ထားကြောင်းဖြင့် ဖော်ပြပါ သတင်းစာက အမည်မဖော်ပြသည့် အစိုးရသတင်းရပ်ကွက်အား ကိုးကား၍ ရေးသားသည်။

ယင်းသို့ တပ်ဖွဲ့ရုပ်သိမ်းရန်အတွက် အကြမ်းဖျဉ်း သတ်မှတ်ထားသည့် အချိန်ဇယားက အီရတ် ကြားဖြတ်အစိုးရအား အထောက်အကူပေးနိုင်ပြီး ပြောက်ကျားများ အင်အားလျော့နည်းစေနိုင်မည်ဖြစ်သည်ဟု ဗြိတိသျှအစိုးရက ယုံကြည်ထားကြောင်း သတင်းစာက ဆက်လက်ရေးသားသည်။

သတ်မှတ်ပေး

တပ်ဖွဲ့ရုပ်သိမ်းချိန် အချိန်ဇယား သတ်မှတ်ပေးခြင်းသည် မိမိတို့ အီရတ်မှ ရုပ်သိမ်းရန် ရည်ရွယ်သည့် အရေးပါသော နိုင်ငံရေးဆိုင်ရာ အရိပ်လက္ခဏာတစ်ရပ်ဖြစ်ကြောင်း သတင်းစာက ထပ်လောင်းရေးသားသည်။

ဆွေးနွေး

အီရတ်မှ အဓိက ပါတီများက အပေါင်းပါတပ်ဖွဲ့ဝင်များ မည်သည့်အချိန်တွင် ရုပ်သိမ်းမည်ဆိုသည့် ပြဿနာကို ဆွေးနွေးနေကြကြောင်း၊ ယင်းပြဿနာကို အမေရိကန်အစိုးရက မကြာမီအတွင်း ကိုင်တွယ် ဖြေရှင်းရမည်ကို သိရှိထားကြောင်း သတင်းစာက ရေးသားသည်။

ဝေဖန်

ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးရုံးက ယင်းသတင်းဖော်ပြမှုအား ဝေဖန်ပြောကြားခြင်းမရှိပေ။

အထောက်အပံ့

ယင်းသို့ အချိန်ဇယား သတ်မှတ်ပေးရန် ကိစ္စအပေါ် ဆွေးနွေးမှုမှာ ဝန်ကြီးချုပ်တိုနီဘလဲက ရွေးကောက်ပွဲကျင်းပရန် စိုင်းပြင်းနေရာတွင် အထောက်အပံ့ ပေးနိုင်မည်ဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

အာဖရိကနိုင်ငံ ၂၀ နှင့် နော်ဒစ်ငါးနိုင်ငံ ကုန်သွယ်ရေးကိစ္စတွေ့ဆုံဆွေးနွေး

ဒါရက်စလမ် ဇန်နဝါရီ ၂၂

အာဖရိကနိုင်ငံ ၂၀နှင့် နော်ဒစ်ငါးနိုင်ငံတို့က ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမွဲတေမှု လျှော့ပါးရေးတွင် ဘက်စုံကုန်သွယ်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်ရေးတို့ မည်သည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးနိုင်သနည်းဟူသော အကြောင်းအရာကို ကြာသပတေးနေ့က ဒါရက်စလမ်မြို့၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုဝန်ကြီးများအဆင့် ဆွေးနွေးပွဲတွင် လက်ရှိ နိုင်ငံတကာ ကုန်သွယ်ရေး အခွင့်အလမ်းများကို မည်သို့ အသုံးချမည်နည်း၊ အာဖရိကနိုင်ငံများ၏ ကုန်သွယ်ရေး အလားအလာများကို မည်သို့မြှင့်တင်ပေးမည်နည်း၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ပါးရေးကို ကုန်သွယ်ရေးက အထောက်အကူဖြစ်စေရန် မည်သို့ ဆောင်ရွက်မည်နည်း၊ အာဖရိကတိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်ရေးကဏ္ဍကို အထောက်အကူပြုစေရန် ပြဿနာများကို မည်သို့ရွေးထုတ်မည်နည်း စသော ကိစ္စများကို အလေးအနက် သုံးသပ်ကြသည်။

နားလည်မှု

တွေ့ဆုံဆွေးနွေးပွဲ၏ အဓိက ရည်ရွယ်ချက်မှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)ဝင်နိုင်ငံများ၏ အပြုသဘော တက်ကြွစွာပါဝင်ခြင်းဖြင့် အာဖရိကနိုင်ငံများ၏ အကျိုးစီးပွားတို့ကို ကူညီဖော်ဆောင်ပေးရေး၌ နားလည်မှု ပိုမိုရရှိစေရန် ဖြစ်သည်။

အာဖရိကနိုင်ငံ ၂၀ နှင့်အတူ ဆွေးနွေးပွဲတက်ရောက်သည့် နော်ဒစ်ငါး နိုင်ငံတို့မှာ ဒိန်းမတ်၊ ဖင်လန်၊ အိုက်စလန်၊ နော်ဝေနှင့် ဆွီဒင်နိုင်ငံတို့ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ပြိုကျနေသော အဆောက်အအုံများအနီးတွင် လုံခြုံရေးစောင့်ကြပ်နေသော မရိန်းတပ်ဖွဲ့ဝင်တစ်ဦးကို ဇန်နဝါရီ ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကွန်ဒိုလီဇာရိုက်စ်၏ ပြောကြားချက်ကို ဗင်နီဇွဲလားအစိုးရ ပယ်ချ

ကာရာကတ်စ် ဇန်နဝါရီ ၂၂

ဗင်နီဇွဲလားနိုင်ငံသည် ဒေသအတွက် အကျိုးမဖြစ်ထွန်းသည့် အင်အားစုဖြစ်ကြောင်း မကြာမီ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဖြစ်လာမည့် ကွန်ဒိုလီဇာရိုက်စ်၏ ပြောကြားချက်ကို ဗင်နီဇွဲလားအစိုးရက ဗုဒ္ဓဟူးနေ့က ပယ်ချလိုက်သည်။

ဗင်နီဇွဲလားအစိုးရက ကွန်ဒိုလီဇာရိုက်၏ ပြောကြားချက်ကို အခိုင်အမာငြင်းပယ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့အနေဖြင့် ဗင်နီဇွဲလားနိုင်ငံအတွင်း ဖြစ်ပျက်သမျှနှင့်ပတ်သက်၍ နားလည်မှုနည်းပါးပြီး ဗဟုသုတပြည့်စုံမှုမရှိသောကြောင့်ဖြစ်ကြောင်း အီဇာရာက ပြောကြားသည်။

ယနေ့ကမ္ဘာကြီးတွင် အကျိုးမဖြစ်ထွန်းသည့် အစစ်အမှန်အင်အားစုသည် ဂျော့ဂျ်၊ ဘုရှ် အစိုးရပင်ဖြစ်ကြောင်း အီဇာရာက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှု တရုတ်နိုင်ငံကန့်ကွက်

ပေကျင်း ဇန်နဝါရီ ၂၂

အီရန်နိုင်ငံ၏ တိုက်ချင်းပစ်ဒုံးပျံတည်ဆောက်ရေး အစီအစဉ်ကို အားပေးနေသည်ဟုဆိုကာ တရုတ်ကုမ္ပဏီရှစ်ခုကို စီးပွားရေးအရ ပိတ်ဆို့ထားရန် အမေရိကန်အစိုးရ၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ တရုတ်အစိုးရက ပြင်းထန်စွာ ကန့်ကွက်လိုက်သည်။

အဆိုပါ တရုတ်ကုမ္ပဏီများကို အမေရိကန်နိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ခြင်း မရှိစေရန် ပိတ်ပင်မည်ဟု အမေရိကန်နိုင်ငံခြားရေးဌာနက ယခုလအစောပိုင်းတွင် ပြောကြားခဲ့သည်။ တရုတ်ကုမ္ပဏီများသည်အမေရိကန်နည်းပညာအတွက် မူပိုင်ခွင့်များ ရရှိနိုင်ရန် ကြိုးပမ်းခြင်း၊ သို့မဟုတ် အမေရိကန်နည်းပညာဖြင့် ထုတ်လုပ်ထားသော ထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်း မပြုလုပ်နိုင်စေရန်လည်း အမေရိကန် အစိုးရက ယင်းကုမ္ပဏီများကို လိုင်စင်များ ထုတ်ပေးမည်မဟုတ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဌာနက ပြောကြားခဲ့သည်။

ကန့်ကွက်

အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုကို ကန့်ကွက်ကြောင်း၊ အညံ့ခံအရှုံးပေးမည်လည်း မဟုတ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကောင်ကျွမ်က အင်္ဂါနေ့တွင် ပြုလုပ်သည့် ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အမေရိကန်အစိုးရသည် တရုတ်ကုမ္ပဏီများနှင့် ပတ်သက်၍ အထောက်အထား တစ်စုံတစ်ရာမရှိဘဲနှင့်စီးပွားရေးပိတ်ဆို့ရန် လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း ပြောရေးဆိုခွင့် ရှိသူက ပြောကြားသည်။

တရုတ်ကုမ္ပဏီများသည် အီရန်၊ ပါကစ္စတန်နှင့် အခြားသောနိုင်ငံများသို့ လက်နက်ထုတ်လုပ်နိုင်သည့် နည်းပညာလွှဲပြောင်းပေးခြင်းမရှိရန် တားမြစ်ထားသော နိုင်ငံတကာ ကန့်သတ်ချက်များကို ချိုးဖောက်၍ လုပ်ဆောင်နေသည်ဟု စွပ်စွဲမှုများ ပေါ်ထွက်နေမှုကိုလည်း တရုတ်အစိုးရက ငြင်းဆိုလိုက်သည်။

တရုတ်နိုင်ငံသည် အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များ ထုတ်လုပ်မှုကို အခိုင်အမာဆန့်ကျင်သည့်နိုင်ငံဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ကြိုးပမ်းနေ

တရုတ်ကုမ္ပဏီများသည် နိုင်ငံတကာ ထိန်းချုပ်ကန့်သတ်မှုများကို မည်သို့မည်ပုံ ချိုးဖောက်ခဲ့သည်ကို အမေရိကန်အစိုးရက အသေးစိတ် ပြောကြားခြင်းမရှိပေ။ အီရန်နိုင်ငံသည် တာဝေးပစ်ဒုံးပျံများ ထုတ်လုပ်နိုင်ရန်နှင့် နျူကလီးယားလက်နက်များ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းနေသည်ဟု အမေရိကန်နိုင်ငံက အမြဲတစေ စွပ်စွဲခဲ့သည်။ ယင်းစွပ်စွဲချက်များကို အီရန်နိုင်ငံကလည်း အခါမလပ်ငြင်းဆိုခဲ့သည်။

အမ်အင်အေ၊ အေပီ။

မလေးရှားနိုင်ငံ ဆာဘားဒေသရှိ ဆိုင်တစ်ဆိုင်တွင် ကမ္ဘာလှည့်ခရီးသည်များနှင့် ဈေးဝယ်သူများကို စွဲမက်စေသည့် အပူပိုင်းဒေသ သစ်သီးဝလံမျိုးစုံ ခင်းကျင်းရောင်းချလျက် ရှိသည်ကို ဇန်နဝါရီ ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဆီယံနှင့်တရုတ်တောင်ပိုင်းဒေသ ကုန်သွယ်မှုတိုးတက်လာ

နန်နင်း ဇန်နဝါရီ ၂၂

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်စီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)တို့၏ နိုင်ငံခြား ကုန်သွယ်မှုသည် ၂၀၀၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ တစ်ဘီလီယံဖိုးအထိ ရောက်ရှိခဲ့ကြောင်း အကောက်ခွန်ဌာနက ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကွမ်စီးကျွမ်းဒေသနှင့် အာဆီယံနိုင်ငံများ ကုန်သွယ်မှုသည် ပုံမှန်တိုးတက်လာကြောင်း၊ ပို့ကုန်ပမာဏသည် အမေရိကန်ဒေါ်လာ သန်း၆၄၀ အထိရှိရာ နှစ်အလိုက် နှိုင်းယှဉ်ချက်အရ ၁၅ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လာကြောင်း၊ သွင်းကုန်တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၃၆၀ ရှိရာ ၃၂ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လာကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကြိုးပမ်း

တရုတ်နိုင်ငံ ကွမ်စီးကျွမ်းဒေသသည် ၂၀၀၄ ခုနှစ်တွင် နိုင်ငံခြား ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဘီလီယံအထိရှိရာ ၂၀၀၃ ခုနှစ်ကထက် ၃၄ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အစီရင်ခံစာတွင်ဖော်ပြသည်။

အာဆီယံသည် လွန်ခဲ့သည့် ခြောက်နှစ်တာကာလအတွင်း ကွမ်စီးဒေသ၏ အကြီးဆုံးသော ကုန်သွယ်ဖက်နိုင်ငံများဖြစ်ကြောင်း၊ ကွမ်စီးဒေသသည် ၂၀၀၄ ခုနှစ်တွင် ဂျပန်ဈေးကွက်နှင့် အခြားသော အစဉ်အလာရှိခဲ့သည့် ဈေးကွက်များနှင့်စီးပွားရေးအရမိတ်ဖက်ပြု ဆောင်ရွက်မှုကို ထိန်းသိမ်းနိုင်ကြောင်း၊ ကွမ်စီးဒေသသည် အာဖရိကနှင့် လက်တင်အမေရိကတို့တွင် ဈေးကွက်သစ်များ ရရှိနိုင်ရန်လည်း ကြိုးပမ်းလျက်ရှိကြောင်း အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

ကွမ်စီးဒေသမှ ပြည်ပသို့ တင်ပို့ရောင်းချသော အဓိကကုန်ပစ္စည်းများမှာ သံမဟုတ်သော သတ္တုများ၊ အထည်အလိပ်ပစ္စည်းများ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တို့ ဖြစ်ကြောင်း သိရှိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

သဘာဝဘေးဒဏ်ကြိုတင်ကာကွယ်ရေးအစည်းအဝေး ထိုင်းနိုင်ငံဖူးကက်တွင် ကျင်းပမည်

ဗန်ကောက် ဇန်နဝါရီ ၂၂

ဆူနာမီရေလှိုင်းဒဏ် ကာကွယ်ရေးအတွက် တိုင်ပင်ဆွေးနွေးကြမည့် အစည်းအဝေးတစ်ရပ်ကို ယခုလကုန်ပိုင်းတွင် ထိုင်းနိုင်ငံ ဖူးကက်ပင်လယ်ကမ်းခြေ အပန်းဖြေစခန်း၌ ကျင်းပသောအခါ ထိုင်းနိုင်ငံက အာရှသဘာဝဘေးအန္တရာယ်သတိပေးရေးဗဟိုဌာနအဖြစ် လက်ခံဆောင်ရွက်လိုကြောင်း အဆိုတင်သွင်းမည်ဟု ထိုင်းသတင်းအေဂျင်စီက သောကြာနေ့ သတင်းတွင် ဖော်ပြသည်။

ကျင်းပ

အဆိုပါ အစည်းအဝေးကို ဖူးကက်အပန်းဖြေစခန်းရှိ ဟီလတန်ဖူးကက်အကာဒီယာ အပန်းဖြေဟိုတယ်တွင် ဇန်နဝါရီလ ၂၈ ရက်မှ ၂၉ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်သည်။

တက်ရောက်

ယင်း အစည်းအဝေးသည် ဝန်ကြီးအဆင့်အစည်းအဝေးဖြစ်ပြီး အစည်းအဝေးသို့ ၄၃ နိုင်ငံမှ ကိုယ်စားလှယ်များနှင့် ကမ္ဘာ့အဖွဲ့အစည်းများမှ ကျွမ်းကျင်သူများ ပါဝင်တက်ရောက်ကြမည်ဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အရှေ့အာရှဒေသမှ ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြမည်ဖြစ်သည်။ ထို့အပြင် အမေရိကန်၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် ဥရောပနိုင်ငံများမှ ကိုယ်စားလှယ်များလည်း ပါဝင်တက်ရောက်ကြမည်ဖြစ်သည်။

အမြင်ချင်းဖလှယ်

အစည်းအဝေးတွင် ဆူနာမီရေလှိုင်းဒဏ် ကြိုတင်သတိပေးစနစ် ထူထောင်ရေးကိစ္စ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း၊ အိန္ဒိယသမုဒ္ဒရာနှင့် အရှေ့တောင်အာရှဒေသ သဘာဝအန္တရာယ်ကာကွယ်ရေးကိစ္စများကို အမြင်ချင်းဖလှယ်ခြင်း၊ ဆွေးနွေးနှီးနှောခြင်း၊ ဆုံးဖြတ်ချက်ချခြင်းများ ပြုလုပ်ကြမည်ဟု သိရှိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ကမ္ဘာ့ထိပ်တန်းသံမဏိလုပ်ငန်းဖြစ်ရေး ရှန်စီပြည်နယ် ကြိုးပမ်းမည်

တိုက်ယွမ် ဇန်နဝါရီ ၂၂

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီပြည်နယ်ရှိ တိုက်ယွမ်သံမဏိကော်ပိုရေးရှင်းသည် ၂၀၀၆ ခုနှစ်တွင် ကမ္ဘာ့ထိပ်တန်း သံမဏိလုပ်ငန်းတစ်ခုအဖြစ် ရောက်ရှိလာစေရန် ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ရင်းနှီးမြှုပ်နှံ

အဆိုပါ ရည်မှန်းချက်ကိုရရှိစေရန် ကုမ္ပဏီအနေဖြင့် သံမဏိထုတ်လုပ်ရေးလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ၁ဒသမ ၉ဘီလီယံနှင့်ညီမျှသော ငွေကြေးများကို ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခဲ့သည်။ ထိုသို့ဆောင်ရွက်မှုကြောင့် ၂၀၀၆ခုနှစ်တွင် ကုမ္ပဏီ၏သံမဏိထုတ်လုပ်မှုစွမ်းအားသည် တန်ချိန် သုံးသန်းအထိ ရောက်ရှိလာမည်ဖြစ်သည်ဟု အထွေထွေမန်နေဂျာ လီဇီအိုပိုလ်က ပြောကြားသည်။

တိုက်ယွမ်သံမဏိကော်ပိုရေးရှင်းသည် ၂၀၀၀ပြည့်နှစ်ဩဂုတ်လအတွင်းက အမေရိကန်ဒေါ်လာ သန်း ၅၉၀ နှင့်ညီမျှသော ငွေကြေးများကို သုံးစွဲပြီး ခေတ်မီနောက်ဆုံးပေါ် သံမဏိထုတ်လုပ်ရေး စက်ကိရိယာများကို တပ်ဆင်အသုံးပြုခဲ့ကြောင်း မန်နေဂျာလီက ဆက်လက်ပြောကြားသည်။

စတင်တည်ထောင်

အဆိုပါ ရင်းနှီးမြှုပ်နှံမှုများကြောင့်၂၀၀၄ ခုနှစ်တွင် ကုမ္ပဏီသည် အမေရိကန်ဒေါ်လာသန်း ၁၀၀၀ နှင့် ညီမျှသော ဝင်ငွေများကို ရရှိခဲ့သည်။ အဆိုပါကုမ္ပဏီသည် တရုတ်နိုင်ငံ၏ သံမဏိလုပ်ငန်းတွင် အကြီးဆုံးလုပ်ငန်းကြီးတစ်ခုဖြစ်သည်။ ယင်းကုမ္ပဏီကို ၁၉၃၄ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မလေးရှားနှင့်တောင်ကိုရီးယားကုမ္ပဏီတို့ ဘော်နီယိုတွင် မယ်လမင်းစက်ရုံတည်ထောင်မည်

ကွာလာလမ်ပူ ဇန်နဝါရီ ၂၂

မလေးရှားအမျိုးသားရေနံကုမ္ပဏီနှင့် ကိုရီးယားကုမ္ပဏီတို့သည် မလေးရှားနိုင်ငံအတွက် ပထမဦးဆုံးသော မယ်လမင်းစက်ရုံ တည်ထောင်ရန် ရင်းဂစ်သန်း ၁၅၀ ရင်းနှီးမြှုပ်နှံကာ လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီအရာရှိများက ပြောကြားကြသည်။

ထုတ်ယူ

မယ်လမင်းသည် ဩဂင်းနစ်ဓာတုဗေဒ ဓာတ်ပေါင်းတစ်မျိုး ဖြစ်သည်။ ယူရီးယားကို ကုန်ကြမ်းပစ္စည်းအဖြစ် အသုံးပြု၍ ထုတ်ယူရကြောင်း သိရှိရသည်။ မယ်လမင်းကို သုတ်ဆေးများ၊ ဓာတုဗေဒကော်များ၊ ရေစိုခံဘုတ်ပြားများနှင့် အထပ်သားများ ထုတ်လုပ်ရာတွင် အသုံးပြုသည်။

စာချုပ် ချုပ်ဆို

မလေးရှားနိုင်ငံ၏ ပက်ထရိုနေ့စ် ရေနံကုမ္ပဏီနှင့် တောင်ကိုရီးယားနိုင်ငံ၏ နမ်ဟီးဓာတုဗေဒ ကော်ပိုရေးရှင်းတို့သည် ကြာသပတေးနေ့ကသဘောတူစာချုပ် ချုပ်ဆိုခဲ့ကြသည်။

မယ်လမင်း စက်ရုံကို မလေးရှားနိုင်ငံ၏ အရှေ့ဘက်တွင် တည်ရှိသော ဆာဒါဝပြည်နယ်၏ ဘော်နီယိုကျွန်းပေါ်တွင် တည်ထောင်သွားမည် ဖြစ်ကြောင်း ပက်ထရိုနေ့စ်ကုမ္ပဏီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရင်းနှီးမြှုပ်နှံ

စက်ရုံ တည်ထောင်ရန်အတွက် ကုမ္ပဏီနှစ်ခုတို့သည် ရင်းဂစ်ငွေ သန်း ၁၅၀ နှင့်ညီမျှသော အမေရိကန်ဒေါ်လာ သန်း ၄၀ ကို ရင်းနှီးမြှုပ်နှံ ဆောင်ရွက်သွားမည်ဖြစ်သည်။

တောင်ကိုရီးယား နိုင်ငံ၏မြို့တော်ဆိုးလ်၏ တောင်ဘက် ၁၈၅ မိုင်အကွာရှိ ယိုဆူအရပ်မှ မယ်လမင်းစက်ရုံကို မလေးရှားနိုင်ငံသို့ ပြောင်းရွှေ့ကာ တည်ဆောက်မည်ဖြစ်သည်။

ရည်မှန်းထား

အဆိုပါ စက်ရုံကို ၂၀၀၆ ခုနှစ် စောစောပိုင်းတွင် စတင်လည်ပတ်နိုင်ရန် ရည်မှန်းထားသည်။ တစ်နှစ်လျှင် ယင်းစက်ရုံမှ မယ်လမင်းတန်ချိန် ၁၅၀၀၀ ထုတ်လုပ်ပေးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

အမ်အင်အေ၊ အေပီ။

ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နေသော စင်ကာပူ၏ သာယာလှပသည့်နေရာတစ်နေရာကို ဇန်နဝါရီ ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အရည်အသွေးကောင်းသော ပဲပုပ်မျိုးများ တိုးချဲ့စိုက်ပျိုး

မောင်စိုးပွား

ပဲပုပ်သည် အာဟာရပြည့်ဝသည့် သီးနှံဖြစ်ပါသည်။ ယနေ့ကမ္ဘာ့နိုင်ငံအများအပြားက ကျန်းမာရေးအတွက် အကောင်းဆုံးအစားအစာတစ်မျိုးအဖြစ် တညီတညွတ်တည်း သတ်မှတ်ခြင်းခံရသော သီးနှံတစ်မျိုးလည်းဖြစ်ပါသည်။ အရည်အသွေးကောင်းမွန်သော အသားဓာတ် ၅၀ ရာခိုင်နှုန်းခန့်နှင့် ဆီ ၂၀ ရာခိုင်နှုန်းပါဝင်သော သီးနှံဖြစ်၍ အသားဓာတ် အတွက်ရော၊ စားသုံးဆီ ထုတ်ယူရရှိရေးအတွက်ပါ အားကိုးအားထားပြုနိုင်သော သီးနှံတစ်မျိုးဖြစ်ပါသည်။ လူ၊ တိရစ္ဆာန်တို့အတွက် မရှိမဖြစ်လိုအပ်သည့် အမိုင်နိုအက်ဆစ်ဓာတ်ကို ပဲပုပ်အသားဓာတ်တွင် တွေ့ရှိရပြီး ပဲပုပ်ဆီမှာလည်း ကမ္ဘာ့ထိပ်တန်းဟင်းသီးဟင်းရွက်ဆီ၊ စားသုံးဆီတစ်မျိုးဖြစ်ပါသည်။ ဆီထုတ်ပြီး ကြိတ်ဖတ်တွင်လည်း အသားဓာတ်ပါရှိနေခြင်းကြောင့် တိရစ္ဆာန်အစားအစာအဖြစ် အသုံးပြုနိုင်ပြီး ကမ္ဘာ့ဈေးကွက်တွင်လည်း နိုင်ငံခြားငွေ ရှာဖွေပေးနေသော ပစ္စည်းတစ်မျိုးဖြစ်ပါသည်။ လောလောဆယ် ကမ္ဘာ့ပေါက်ဈေးမှာ မက်ထရစ် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၂၀၀ ခန့် ဈေးပေါက်နေပါသည်။

ပဲပုပ်သည် အာဟာရနှင့် စီးပွားရေးရှုထောင့်အရ တန်ဖိုးရှိ၍ အရေးပါသည့် သီးနှံတစ်ခုဖြစ်ပါသည်။ ပဲပုပ်မှ စားသောက်ကုန်မျိုးစုံ ထုတ်လုပ်နိုင်ပါသည်။ ပဲပုပ်အမှုန့်ကို မုန့်ဖုတ်လုပ်ငန်းများတွင် အသုံးပြုကြပြီး ပေါင်မုန့်၊ ဘီစကွတ်၊ ချိုချဉ်များထုတ်လုပ်ရန်တွင်လည်းကောင်း၊ ပဲပုပ်နို့၊ ထောပတ်၊ ဒိန်ချဉ်၊ ရေခဲမုန့်များ ပြုလုပ်ရန်လည်းကောင်း၊ ပဲပုပ်ကို အချဉ်ဖောက်၍ ငံပြာရည်၊ မီဆော (Miso) တို့ ဟူး (Tofu)၊ ပဲပြားခြောက်၊ ပဲပြားအစိုများ ပြုလုပ်ရန်လည်းကောင်း၊ ပဲပုပ်စေ့လှော် သရေစာအဖြစ်လည်းကောင်း၊ ပဲပုပ်စေ့ကို အမှုန့်ကြိတ်၍ ကော်ဖီမှုန့်ပြုလုပ်၍လည်းကောင်း၊ အသားတု၊ ကလေးနို့မှုန့်နှင့် အဖျော်ယမကာ ထုတ်လုပ်ရာတွင်လည်းကောင်း နည်းမျိုးစုံ အသုံးပြုလေ့ရှိကြပါသည်။

ထို့အပြင် ရောင်စုံခဲတံ၊ အလှဆီ၊ ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပုံနှိပ်မင်၊ အိမ်သုတ်ဆေး၊ မိုးရေခံဘိလပ်မြေ၊ လျှပ်ကာပစ္စည်း၊ ဇီဝဒီဇယ်ဆီတို့ ထုတ်လုပ်ရာတွင်လည်း အသုံးပြုကြပါသေးသည်။ ပဲပုပ်ဆီ၏ ဘေးထွက်ပစ္စည်းတစ်မျိုးဖြစ်သည့် လက်ဆီသင် (Lacithin) ဟုခေါ်သည့် ဓာတုပစ္စည်းကို စားသောက်ကုန်လုပ်ငန်းများတွင်သာမက ဆေးဝါးပစ္စည်းများထုတ်လုပ်ရန်လည်း အသုံးပြုနိုင်ကြပါသေးသည်။ ကင်ဆာရောဂါကာကွယ်သည့် ဓာတ်ပစ္စည်းများပါဝင်နေသည်ဟု ယုံကြည်နေသူများလည်း ရှိနေပါသည်။

လွန်ခဲ့သော နှစ်ပေါင်းလေးထောင်ခန့်မှစ၍ အာရှတိုက် အရှေ့ပိုင်းနိုင်ငံများဖြစ်သော တရုတ်၊ မန်ချူးရီးယား၊ ဂျပန်၊ ကိုရီးယား၊ မလေးရှားတို့သည် အရေးပါသော စားသုံးကုန်တစ်ခုအဖြစ် စားသုံးခဲ့ကြသည်။ တရုတ်နိုင်ငံ ယဉ်ကျေးမှု၏ အဓိက သီးနှံငါးမျိုးတွင် ပဲပုပ်မှာ တစ်မျိုးအပါအဝင်ဖြစ်ခဲ့ပါသည်။ သမိုင်းကြောင်းအရ တရုတ်နိုင်ငံ မြောက်ပိုင်းမှ ကိုရီးယား၊ ထိုမှတစ်ဆင့် ဂျပန်သို့ ပျံ့နှံ့လာခဲ့ခြင်းဖြစ်ပါသည်။ ရုရှား–ဂျပန်စစ်အပြီး (၁၉၀၅) ခုနှစ် တစ်ဝိုက်ခန့်တွင် ပဲပုပ်သည် ရုရှားမှတစ်ဆင့် ဥရောပတိုက်သို့ ပျံ့နှံ့လာခဲ့ရပါသည်။ ဥရောပကလည်း အထူးစိတ်ဝင်စားခဲ့သော ပဲသီးနှံတစ်မျိုးဖြစ်ခဲ့ပါသည်။

လောလောဆယ် ကမ္ဘာ့ပေါ်တွင် အမေရိကန်၊ ဘရာဇီး၊ အာဂျင်တီးနား၊ အိန္ဒိယ၊ တရုတ်၊ အီးယူနှင့် ပါရာဂွေးနိုင်ငံများတွင် ပဲပုပ်ကိုအများဆုံး စိုက်ပျိုးထုတ်လုပ်နေပြီး ကမ္ဘာ့စိုက်ပျိုးထုတ်လုပ်မှုမှာ တန်ချိန် ၁၈၉ သန်း ရှိနေပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ဘရာဇီး၊ အာဂျင်တီးနားတို့မှ နှစ်စဉ်ပဲပုပ်တန်ချိန် ၁၆ သန်းခန့်တင်သွင်းလျက်ရှိပါသည်။ ပဲပုပ်ကို ကမ္ဘာ့သီးနှံတစ်ရပ်အနေဖြင့် စိုက်ပျိုးထုတ်လုပ်လာကြရာ အထွက်တိုးသည်ထက် တိုးစေရန် မျိုးဗီဇပြုပြင်သည့်နည်းများဖြင့် ပြုပြင်ထုတ်လုပ်ထားသော မျိုးဗီဇပြင် ပဲပုပ်မျိုး (Genetically Modified, GM) များလည်း ကမ္ဘာ့နိုင်ငံအတော်များများတွင် စိုက်ပျိုးထုတ်လုပ်လာကြကြောင်း တွေ့ရှိကြရပါသည်။

မြန်မာနိုင်ငံတွင် ပဲပုပ် အဓိကစိုက်ပျိုးသည့်ဒေသမှာ ရှမ်းပြည်နယ်ဖြစ်ပြီး တစ်နိုင်ငံလုံး ပဲပုပ်စိုက်ဧက၏ ၅၀ ရာခိုင်နှုန်းကို စိုက်ပျိုးနေခြင်းဖြစ်ပါသည်။ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင်လည်း စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ ပဲပုပ်စုစုပေါင်းစိုက်ပျိုးမှုမှာ မြန်မာနိုင်ငံတွင် ပဲမျိုးစုံသီးနှံ စိုက်ဧရိယာ၏ ရာခိုင်နှုန်း ၄၀ ခန့် ရှိနေသည်ကို တွေ့ရပါသည်။ ပြည်တွင်းတွင် အဓိကစိုက်ပျိုးနေကြခြင်းမှာ ပြည်တွင်းစားသုံးရန်အတွက် စိုက်ပျိုးနေကြခြင်းဖြစ်ပါသည်။

ပဲပုပ်သည် ပဲပုပ်မျိုးများ မစိုက်ပျိုးမီ စိုက်ပျိုးမည့်ဒေသ၊ စိုက်ပျိုးချိန် ရာသီနှင့် ကိုက်ညီမှု ရှိ၊ မရှိ စမ်းသပ်စိုက်ပျိုးရွေးချယ်ရန် အထူးလိုအပ်ပါသည်။ မြေနေရာရှိတိုင်း ပဲပုပ်ဖြစ်ထွန်းအောင်မြင်နိုင်ခြင်းမရှိပါ။ ပြည်တွင်းစိုက်ပျိုးရာတွင် စိုက်ပျိုးသည့် မျိုးကွဲများမှုကြောင့် စိုက်ပျိုးသည့်လများလည်း နေရာ ဒေသကိုလိုက်၍ ကွဲပြားခြားနားလေ့ရှိပါသည်။ တစ်ဧက အထွက်နှုန်းများမှာ ပျမ်းမျှတင်း ၂၀ ခန့် ထွက်ရှိနိုင်ပါသည်။

ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုနည်းပညာတိုးတက်ရေး စီမံကိန်းတစ်ရပ်ကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ FAO နှင့် ပူးပေါင်းကာ စူးစမ်းဆောင်ရွက်လျက်ရှိရာ ထိုင်းမှ စီပီပဲပုပ်မျိုး၊ တရုတ် (တိုင်ပေ)မျိုးနှင့် အိန္ဒိယမျိုးများကို မျိုးမှာယူ၍ တိုင်းနှင့်ပြည်နယ်များတွင် စမ်းသပ်စိုက်ပျိုးလျက်ရှိပါသည်။ တရုတ် (တိုင်ပေ) ပဲမျိုးမှာ မြန်မာ့ရေမြေနှင့် ကိုက်ညီသည့်အပြင် ဈေးကွက်ဝင်မည့် အလားအလာကောင်းများလည်း တွေ့ရှိနေရပါသည်။

ပြည်တွင်းတွင် စိုက်ပျိုးသောပဲပုပ်များကို ပြည်ပသို့တင်လိုသည်ဆိုပါက ပြည်ပပို့ကုန် အဆင့်မီရန် အထူးလိုအပ်ပါသည်။ အထူးသဖြင့် အလုံးကြီးမျိုးများဖြစ်ရန် လိုအပ်ပါသည်။ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု နည်းပညာ တိုးတက်ရေးစီမံကိန်းမှ ဖော်ထုတ်တွေ့ရှိချက်အရ ရှမ်းပြည်နယ် "ဟမ်ဆီ"နှင့် "ကျောက်ထပ်" ဒေသတို့တွင် လောလောဆယ် စိုက်ပျိုးထုတ်လုပ်နေသော ပဲပုပ်မျိုးများမှာ ပြည်ပပို့ကုန်အဖြစ် အလားအလာ အထူးကောင်းမွန်နေကြောင်း တွေ့ရှိရပါသည်။ ဟမ်ဆီရွာသည် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့မှ မွေတော် ကက္ကူဘုရားသွားရာလမ်းပေါ်တွင် တည်ရှိနေပြီး အဆိုပါ ဟမ်ဆီ ရှမ်းရွာတစ်ရွာလုံးတွင် ပဲပုပ်ရက် ၉၀ ဝါကြီးမျိုးသစ်ကို ရွာလုံးကျွတ်စိုက်ပျိုးနေကြပါသည်။ ဆီပါဝင်မှု (Total Oil Content TOC) ၂၀ ရာခိုင်နှုန်းပါဝင်သော နိုင်ငံခြား ဈေးကွက်ဝင်ပဲပုပ်လုံးကြီးမျိုးများ ဖြစ်ပါသည်။ တစ်ဧကတင်း ၅၀ ခန့်ထွက်ရှိပြီး စိုက်ဧကမှာ ဧက ၈၀၀ ခန့်ရှိနေပါသည်။ လေ့လာစူးစမ်းချက်အရ ဟမ်ဆီမျိုးသစ်မှာ ပြည်တွင်းမျိုးမဟုတ်ဘဲ အိမ်နီးချင်း တရုတ် (သို့မဟုတ်) ထိုင်းနိုင်ငံမှ ဖြစ်နိုင်ခြေရှိကြောင်း မှတ်ချက်ပေးထားကြပါသည်။ အဆိုပါ ဟမ်ဆီပဲပုပ်မျိုးကို မုံရွာဒေသဘက်ဆင်း၍ စမ်းသပ်စိုက်ပျိုးကြည့်ရာ အထွက်နှုန်းလည်းကောင်းမွန်ပြီး နိုင်ငံခြားဈေးကွက်တန်းဝင် အရည်အသွေးကောင်းသော ပဲပုပ်များဖြစ်ကြောင်း သိရှိရပါသည်။

ကလော၊ ဟဲဟိုးမြို့နယ်အုပ်စုတွင်ပါဝင်သော ဘော်ဆိုင်းသွားလမ်းပေါ်ရှိ ကျောက်ထပ်ဒေသတွင်လည်း ပဲပုပ်မျိုးသစ်တစ်မျိုး စိုက်ပျိုးနေရာ ပြည်ပပို့ကုန်တန်းဝင် ပဲလုံးကြီးမျိုးများပင် ဖြစ်ပါသည်။ အထွက်နှုန်း တစ်ဧကတင်း ၅၀ နှုန်းခန့်ရှိပြီး စိုက်ဧက ၅၀၀ ခန့်စိုက်ပျိုးလျက် ရှိပါသည်။ ဆီပါဝင်မှုလည်း ဟမ်ဆီမျိုးသစ်ကဲ့သို့ပင် စံချိန်မီကောင်းမွန်ပါသည်။

အရှေ့မြောက်တိုင်း စစ်ဌာနချုပ်အနေဖြင့် ယခုအခါ လားရှိုးပတ်ဝန်းကျင်တစ်ဝိုက်တွင် အခြေပြု၍ တရုတ်မျိုးပဲပုပ်အမျိုးအစားအသစ်တစ်မျိုးကို စိုက်ဧက ၆၀ မှ ဧက ၅၀၀ ခန့်အထိ တိုးမြှင့်စိုက်ပျိုးရန်ဆောင်ရွက်နေကြောင်းသိရသည်။ ယခင်စိုက်ပျိုးနေကျ ထိုင်းနိုင်ငံမျိုးဖြစ်သော GBS ထက် အစေ့ပိုကြီးပြီး ရောင်းတန်းဝင် အလုံးလှသော ပဲပုပ်အမျိုးအစားဖြစ်ပါသည်။ ဆီကြိတ်ကောင်းသော ပဲပုပ်မျိုးဖြစ်ပါသည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း) တစ်ခွင်တွင်မူဒေသပဲပုပ်ဟု ခေါ်ဝေါ်ကြသော မိုးပဲပုပ်ကို စိုက်ဧက လေးသောင်းရှစ်ထောင်ကျော်စိုက်ပျိုးလျက်ရှိရာ အထွက်တင်း ခုနစ်သိန်းကျော်ရရှိရန် ခန့်မှန်းထားပါသည်။

မိရိုးဖလာ ကျင်းတူးစိုက်ပျိုးသည့် စိုက်ပျိုးနည်းအသုံးပြုခြင်းကြောင့် ပုံမှန်တစ်ဧကလျှင် ပဲပုပ်တင်း ၂၀ ခန့်ထွက်ရှိနေရာမှ လိုင်းစနစ်ချမှတ်အသုံးပြုကာ အစေ့ချစက် (Seeder) များပါ ပြသသုံးစွဲစေခြင်းကြောင့် အထွက်နှုန်းများ တိုးတက်လာခြင်းဟုလည်း ယူဆနိုင်ဖွယ်ရှိပါသည်။ နိုင်ငံခြားဈေးကွက်ဝင် အထွက်တိုးမျိုးများကို စိုက်ပျိုးနည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးလာကြခြင်းကြောင့် အခြေအနေကောင်းများ တိုးတက်ဖြစ်ထွန်းလာခြင်းဖြစ်သည်။

မြန်မာ့ပဲပုပ်များကို နယ်စပ်ကုန်သွယ်ရေးနှင့် ပုံမှန်ကုန်သွယ်ရေးတို့ကပါ ပြည်ပသို့ တိုးမြှင့်ရောင်းချနေရကြောင်းသိရသည်။ မြန်မာ့ပဲပုပ်ကို စင်ကာပူ၊ မလေးရှား၊ အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ ထိုင်း၊ ဗီယက်နမ်၊ ဟောင်ကောင်နှင့် တောင်ကိုရီးယားတို့က ဝယ်ယူနေကြောင်း လေ့လာတွေ့ရှိရသည်။

ပြည်ပနိုင်ငံများက ပဲပုပ်ကိုဝယ်ယူကြသည်ဆိုရာတွင် ပဲပုပ်ကို ပဲသီးနှံအဖြစ် စားသုံးရန် ဝယ်ယူခြင်းထက် ဆီထွက်သီးနှံ (Oil bearing crop) အနေဖြင့် ဝယ်ယူနေကြခြင်းမျိုးသာ ဖြစ်ပါသည်။ အလုံးအရွယ်အစားကြီးပြီး ဆီပါဝင်မှုကောင်းသည့် အမျိုးအစားဖြစ်ပါက ပြည်ပဈေးကွက်တွင် သေချာပေါက် ရောင်းတန်းဝင်နိုင်မည်ဖြစ်ပါသည်။ အထွက်နှုန်းကောင်းမွန်ရေးသည် စိုက်ပျိုးထုတ်လုပ်သူများဘက်က ကြိုးပမ်းကြရမည့်ကိစ္စဖြစ်ပါသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲ၊ သိန္နီ၊ လားရှိုးမြို့နယ်များတွင် ဒေသခံများအနေဖြင့် နီးစပ်ရာမှမျိုးများကို ၎င်းတို့အစီအစဉ်ဖြင့် ရယူစိုက်ပျိုးနေကြသည်လည်းရှိပါသည်။ မည်သို့ဆိုစေ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့ရေးအတွက်ဆိုလျှင် အလုံးလည်းကြီး၊ ဆီထွက်လည်းကောင်းသော ပဲပုပ်မျိုးများကို စိုက်ပျိုးထုတ်လုပ်သွားကြရန် လိုအပ်နေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၃

မော်လမြိုင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် Care Myanmar အဖွဲ့တို့ ပူးပေါင်းကြီးမှူး ကျင်းပသော စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်က မော်လမြိုင်မြို့ ပညာရေး ကောလိပ်၊ ပညာနိလာခန်းမဆောင်တွင် ကျင်းပသည်။

ရှေးဦးစွာ မော်လမြိုင်မြို့နယ်၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်ထွန်း(ကျော်ဟိန်းအောင်)၊ မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်းတို့က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၏ စာဆိုတော်နေ့ သဝဏ်လွှာကို မော်လမြိုင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်ဦးကျော်ဝင်းကဖတ်ကြားသည်။

ဆက်လက်၍ ဆုပေးပွဲကိုကျင်းပရာ အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ် အသိပညာပေး အကြီးတန်း ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ စာစီစာကုံးပြိုင်ပွဲ ဆုရသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ပေးအပ်သည်။

ယင်းနောက် စာပေဟောပြောပွဲကို ကျင်းပရာ စာရေးဆရာမ မစန္ဒာ (အမျိုးသားစာပေဆုရ)၊ စာရေးဆရာမ ယဉ်မင်းဦး (ဆေးတက္ကသိုလ်) နှင့် စာရေးဆရာ အဏ္ဏဝါစိုးမိုးတို့က ဟောပြောကြသည်။ (၃၀၇)

ဓာတ်တော်များ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် မြင်းခြံကျောင်းတိုက် နိကာယငါးရပ်စာသင်တိုက်ကြီး၌ ကိန်းဝပ်စံပယ်တော်မူသော သီရိလင်္ကာနိုင်ငံမှ မြတ်ဗုဒ္ဓ၏ သရီရဓာတ်တော် (အစစ်) ပူဇော်ပွဲကို ဇန်နဝါရီ ၂၅ ရက်မှ ၂၆ ရက် ညနေ ၅ နာရီအထိ ဧယျာမြိုင်လမ်း အမှတ် (၁၉)ရပ်ကွက် ဓမ္မရက္ခိတ ဓမ္မဗိမာန်တော်တွင် ကျင်းပ အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ဆုချီးမြှင့်

ဒေါက်တာဆွေဆွေအေး (အကြီးတန်း စီမံချက်အရာရှိ) က အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် အသိပညာပေး အကြီးတန်း ဆောင်းပါးပြိုင်ပွဲတွင် ဆုရသူ မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဓာတ်ပုံကျွမ်းကျင် အဆင့်–၂ ဦးသိန်းသန်း (သိန်းသန်းချစ်စု) အား ဆုချီးမြှင့်စဉ်။

(၃၀၇)

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး စိုက်ခင်းများကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၃

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန မကွေးတိုင်း ညွှန်ကြားရေးမှူး ဦးကိုကိုလတ်သည် ဇန်နဝါရီ ၂၀ရက်တွင် မကွေးတိုင်း မကွေးခရိုင်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော နတ်မောက်မြို့နယ်အတွင်းရှိ ၂၀၀၄–၂၀၀၅ ခုနှစ် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး အထောက်အကူပြု စိုင်ဂေါင်းကြိုးဝိုင်း၊ နတ်မောက်ဆည် ရေဝေရေလဲစိုက်ခင်းဧက ၁၃၀၀၊ အခြားစိုက်ခင်း ဧက ၁၀၀ နှင့် ၂၀၀၅–၂၀၀၆ ခုနှစ် ပျိုးဥယျာဉ်လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မကွေးတိုင်း ညွှန်ကြားရေးမှူးသည် သက်ဆိုင်ရာ မြို့နယ်တာဝန်ခံအား ပွင့်လင်းရာသီ ရောက်ပြီဖြစ်၍ စိုက်ခင်းများနှင့် သဘာဝတောများအတွက် မီးကာကွယ်ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရန်၊ ၂၀၀၅–၂၀၀၆ ခုနှစ် စိုက်ခင်းများအတွက် ကျင်းတူးခြင်းလုပ်ငန်း၊ ပျိုးဥယျာဉ်လုပ်ငန်းများကို စိုက်ပျိုးရာသီ မတိုင်မီ ပြီးစီးအောင် စီမံချက်ချဆောင်ရွက်ရန်၊ မြို့နယ်တာဝန်ခံက မိမိမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အောင်မြင်အောင် အလေးထားဆောင်ရွက်ရန်တို့ကို မှာကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄–၁–၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှောဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၀၀ ၈။ **အခြေခံပညာရေးဗို့ချုပ် အစီအစဉ်** – ရုပ်ရင်း (Morpheme) - (တတိယနှစ်–မြန်မာစာအထူးပြု)
- ၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- ၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပင်လယ်ကြီးလောက်ချစ်တယ်" (အပိုင်း–၃၇)**
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ မေးမြန်းစူးစမ်း
- ၂၀။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာသိုက်နှင့်ရန်နိုင်မား" (အပိုင်း–၃၉)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ခရီးသွားလုပ်ငန်းဝန်ကြီးများအဆင့် အစည်းအဝေးတက်ရောက်ရန် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် မလေးရှားနိုင်ငံထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၃

မလေးရှားနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး၏ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံ လန်ကာဝီကျွန်း၌ ဇန်နဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင်ကျင်းပမည့် (၈)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများအဆင့် အစည်းအဝေး၊ စတုတ္ထအကြိမ်မြောက် အာဆီယံ၊ တရုတ်၊ ဂျပန်နှင့် ကိုရီးယားခရီးသွားလုပ်ငန်း ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံ-အိန္ဒိယ ခရီးသွားလုပ်ငန်းဝန်ကြီးများအဆင့် အစည်းအဝေးတို့သို့ တက်ရောက်ရန် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ မလေးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။ (အပေါ်ပုံ)

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့အား ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီးဦးသန်းရွှေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့်အတူ အဖွဲ့ဝင်အဖြစ်ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်ရွှေ လိုက်ပါသွားသည်။ (သတင်းစဉ်)

ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာတရားစခန်း ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၃

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့်အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထ ဝိပဿနာတရားတော်များကို ဓမ္မရသ ရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အုံကြီး) နှင့် အဖွဲ့က ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ပုသိမ်မြေ စက်ရပ်ကွက် ပြာသာဒ် ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်ဘဒ္ဒန္တသောကပဏ္ဍိတ (အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ)၏ ဩဝါဒခံယူလျက် ကိုယ်တွေ့ဉာဏ်မြင် ခန္ဓာဉာဏ်ရောက် သမထဝိပဿနာ တရားတော်များကို ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၁ ရက်ထိ ညနေ ၅ နာရီမှ ၆ နာရီခွဲအထိ ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။

(က-ပ)

မြင့်မြတ်ခြင်း

* တိုက်တာအိမ်ခြေ၊ မိုးထိနေလည်း
လူတွေစိတ်ဓာတ်၊ မြင့်မှမြတ်၏ ...။
* လှပသစ်လွင်၊ မည်သို့ဆင်လည်း
လူတွင်စိတ်ဓာတ်၊ မြင့်မှမြတ်၏ ...။
* ကဝိတစ်ဆူ၊ ဖြစ်ပါမူလည်း
လူတွင်စိတ်ဓာတ်၊ မြင့်မှမြတ်၏ ...။
* တေဇာဘုန်းမိုး၊ မည်မျှတိုးလည်း
မျိုးချစ်စိတ်ဓာတ်၊ မြင့်မှမြတ်၏ ...။
* မြင့်မြတ်ခြင်းကား၊ နှလုံးသားမှ
အများအကျိုး၊ သယ်ပိုးလိုစိတ်
ယိုဖိတ်စီးဆင်း၊ ပေးဆပ်ခြင်းတည့် ...။
* မြင့်မြတ်ခြင်းသည်၊ ကိုယ့်တိုင်းပြည်အတွက်
အသက်ပေးလှူ၊ စွန့်ဝံ့သူသာ
ရယူထိုက်တန်၊ ဆုလာဘ်မှန်တည့် ...။
* မြင့်မြတ်ခြင်းကို၊ ပုံပြုဆိုသော်
ကိုယ်ကျိုးမကြည့်၊ တိုင်းပြည့်တာဝန်
ကိုယ့်တာဝန်ပဲ၊ စွဲမြဲတွေးမှတ်
ဆောင်ရွက်တတ်မှ ...
* အတ္တကင်းရှင်း၊ စေတနာအရင်းခံ
စိတ်ထားမှန်မှ ...
* အပြုသဘော၊ မနောလုပ
ထားတတ်ကြမှ ...
* ငါမှ ငါပဲ၊ ငါအစွဲမရှိ
ငါသိ ငါတတ်၊ ငါစိတ်ပြတ်မှ
မြင့်မြတ်ဆုံးသော မြင့်မြတ်ခြင်း ။ ။

ဟသ်ာတမြင့်ငွေ

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၄၅)လမ်း အမှတ်(၁၄၆)နေ နှစ်ဖက်မိဘများဖြစ်သော ဦးအင်လျောင်း-ဒေါ်ကျင်ပု၊ ဦးအင်းစွန်-ဒေါ်ကျင်နုနှင့် ခင်ပွန်း ဦးထွန်းအောင်တို့အား ရည်စူး၍ ဒေါ်အေးမိသားစုက သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တွံတေးမြို့နယ် ပညာဒါနစာသင်ပွဲဖွင့်ပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ တွံတေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပသော ပညာဒါနစာသင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားချီးမြှင့်သည်။

အခမ်းအနားတွင် ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အဖွင့်အမှာစကားပြောကြားပြီး ပညာဒါန စာသင်ပွဲအတွက် ရပ်မြင်သံကြားစက်တစ်လုံး၊ ဗွီစီဒီပြစက်တစ်လုံးနှင့် အခြေခံပညာ အထက်တန်း သင်ရိုးညွှန်းတမ်း သင်ထောက်ကူ ဗွီစီဒီခွေများကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဒေါက်တာသိန်းဇော်မြင့်ထံ ပေးအပ်လှူဒါန်းသည်။

အဆိုပြုလွှာပေးအပ်

ဆက်လက်၍မြို့နယ်အသင်းအတွင်းရေးမှူး ဒေါက်တာသိန်းဇော်မြင့်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ ၁၂၅၂စောင်ကို ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အသိအမှတ်ပြုကတ်ပြားများ ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ထို့နောက် ပညာဒါနစာသင်ပွဲ သို့ စန္ဒာညွန့်စာပေတိုက်မှ ဦးညွန့်ဦး၊ ပန်းဝေဝေစာပေတိုက်မှ ဦးလှမြင့်၊ ရွှေကုံ့ကော်စာပေတိုက်မှ ဦးစိန်မြင့်အောင်၊ ဦးသန်းစိန်(သင်္ချာ)နှင့် ဦးကံချွန်(ဘောဂဗေဒ)တို့က တန်ဖိုးငွေကျပ် ၁၂၀၀၇၅၀ ရှိ တက္ကသိုလ်ဝင် စာမေးပွဲ အထောက်အကူပြု စာအုပ်စာတမ်းများကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တွံတေးမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကာ ပညာဒါနစာသင်ပွဲသင်ကြားမှု၊ သင်ယူမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ ကျောင်းအတွက်လိုအပ်သည့် စာရေးစားပွဲနှင့် ထိုင်ခုံများ ပြုလုပ်လှူဒါန်းနိုင်ရန် စီစဉ်ပေးသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် မြို့အဝင်လမ်းနှင့် မြို့တွင်းလမ်းများ ကောင်းမွန်စေရန် တွံတေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်ပူးပေါင်း၍ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

အမျိုးသမီးဆရာဝန်များအဖွဲ့ ကျန်းမာရေးပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်)အမျိုးသမီး ဆရာဝန်များအဖွဲ့၏ ၂၀၀၄ခုနှစ် နှစ်ပတ်လည် သင်လုံးကျွတ် အစည်းအဝေးနှင့် ကျန်းမာရေး ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၃ရက်တွင် မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ၌ကျင်းပရာ အမျိုးသမီးဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်လေးကြီးက အမှာစကားပြောကြားသည်။ **(ယာပုံ)**

၂၀၀၄ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာကို အတွင်းရေးမှူး ဒေါက်တာ ဒေါ်ခင်မာအေး၊ ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဒေါက်တာ ယုယုလွင်တို့က ဖတ်ကြားတင်သွင်း၍ အဖွဲ့ဝင်များကအဆိုပြုထောက်ခံပြီး သဘာပတိကအတည်ပြုပေးကာ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးမှာကြားသည်။ ဒုတိယပိုင်းတွင် ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါ်မြမြအုန်းက ကလေးများတွင်ဖြစ်တတ်သော အရေးပေါ်ရောဂါများအကြောင်းနှင့် နှလုံးရောဂါအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါ်ချိုလေးမာက နှလုံးရောဂါအကြောင်းသိကောင်းစရာများ ဟောပြောသည်။

(၃၂)

ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီရုံးခန်း(ဗဟန်း ၃လမ်းမှတ်တိုင်အနီး)တွင် တိုက် ၂၃ အခန်း၁၂၃ ဦးဝိစာရရိပ်သာ ဒဂုံမြို့နယ်နေ ပါမောက္ခ ဒေါက်တာကျော်ဝင်း-ဒေါ်ခင်ခင်ဝေ၊ တူ/တူမ၊ ဦးကြည်ဆွေ-ဒေါ်ယဉ်ယဉ်မာ မိသားစုက ငွေကျပ် ၁၂၀၀၀၀ကို ဦးမျိုးခင် အဖွဲ့ဝင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးရေးတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသည် အဓိကကျ နိုင်ငံသားအားလုံး အိုင်စီတီ ဖွံ့ဖြိုးတိုးတက်အောင် အရှိန်မြှင့်ပြီး ရှေ့ဆက်ဆောင်ရွက်

▲ မြန်မာနိုင်ငံမှ

ရေးဦးစွာ မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က Bio Matric စနစ်သုံး၍ စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်၂၀၀၅ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ကြိုဆိုနှုတ်ခွန်းဆက်

ထို့နောက် အီလက်ထရောနစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ - အဖွဲ့ဝင် ဦးအောင်မြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ICT Week အခမ်းအနားကို MICT Park စတင်ဖွင့်လှစ်ခဲ့သည့် အထိမ်းအမှတ်အဖြစ် နှစ်စဉ်ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခု (၄)နှစ်မြောက် ကျင်းပခြင်းဖြစ်ပါကြောင်း။

ယခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ကို ဇန်နဝါရီ ၂၁ရက်မှ ၂၇ရက်ထိ ခုနစ်ရက်ကျင်းပမည်ဖြစ်ပြီး ဤရက်သတ္တပတ်တွင် ICT ပြပွဲ၊ ပြခန်းများ၊ Seminar & Workshop များ၊ ICT ပြိုင်ပွဲများ၊ ICT ကုမ္ပဏီများ၏ Product Presentation များကို သိုက်သိုက်မြိုက်မြိုက် ကျင်းပသွားမည်ဖြစ်ပါကြောင်း။

ဖွင့်လှစ်

မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ် ၂၀၀၅ ဖွင့်ပွဲအခမ်းအနားကို Bio Matric စနစ်သုံး၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ် ၂၀၀၅တွင် ပြသထားသော ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

သာလွန်စွာပြသ

ယခုနှစ် ICT ပြခန်းများ၌ ဝန်ကြီးဌာန ခုနစ်ခုမှ ပြခန်း ၁၄ ခန်း၊ ပြည်တွင်း ပြည်ပကုမ္ပဏီများမှ ပြခန်း ၁၉၆ ခန်း ပြသကြပြီး ပြခန်းပေါင်း ၂၁၀ ပြသမှာဖြစ်သည့်အတွက် ယခင်နှစ်များထက် သာလွန်စွာပြသနိုင်မည် ဖြစ်ပါကြောင်း၊ ဤပြခန်းများ၌ ဆက်သွယ်ရေးဆိုင်ရာ နည်းပညာပစ္စည်း ကိရိယာများ၊ သတင်းအချက်အလက်ဆိုင်ရာနည်းပညာများနှင့် နည်းပညာ သုံးပစ္စည်းများကို လေ့လာနိုင်သကဲ့သို့ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း အရောင်းပြခန်းများ၊ ICT သင်တန်းများအကြောင်းကိုလည်း လေ့လာနိုင် ကြမည်ဖြစ်ပါကြောင်း။

ICT Seminar & Workshop တွင် ဆွေးနွေးမည့်ဆောင်ပုဒ်မှာ Towards an e-Society ဖြစ်ပါကြောင်း၊ နေ့အလိုက် ဟောပြောမည့် ခေါင်းစဉ်များမှာ ပထမနေ့တွင် Towards an e-Society၊ ဒုတိယနေ့ တွင် Capacity Building၊ တတိယနေ့တွင် National Language Processing၊ စတုတ္ထနေ့တွင် Outsourcing Opportunities and Challenges နှင့် ပဉ္စမနေ့တွင် Logical Infrastructure ဖြစ်ပါကြောင်း၊ ဇန်နဝါရီ ၂၆ ရက်တွင် Third Generation Myanmar Software အကြောင်း Workshop အနေဖြင့် ဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ ဤ ဟောပြောပွဲနှင့် ဆွေးနွေးပွဲများကို ဇန်နဝါရီ ၂၁ရက်မှ ၂၆ရက်ထိ မွန်းလွဲ ၁နာရီတွင် စတင်ကျင်းပမည်ဖြစ်ပါကြောင်း၊ ICT Products Presentation နှင့် စပ်လျဉ်း၍ ICT ကုမ္ပဏီများက ယင်းတို့၏ ICT Products & Services များကို နေ့စဉ် နံနက် ၉နာရီတွင် စတင်ဆွေးနွေးတင်ပြကြမည် ဖြစ်ပါကြောင်း၊ ယနေ့ခေတ်တွင် ခေတ်မီ ICT နည်းပညာ၏ လက်တွေ့ အသုံးချမှုများကို စိတ်ပါဝင်စားသူတိုင်း လေ့လာနိုင်မည့် အခွင့်အလမ်း ကောင်းကြီးဖြစ်ပါကြောင်း။

ပြိုင်ပွဲများ

ယခင်နှစ်များကဲ့သို့ Network Game ပြိုင်ပွဲကို အဆင့်နှစ်ဆင့် ခွဲပြီး ကျင်းပပေးမည်ဖြစ်ပြီး ထပ်တိုးကျင်းပမည့် ပြိုင်ပွဲများဖြစ်သည့် Programming ပြိုင်ပွဲနှင့် Web Development ပြိုင်ပွဲများကို Intermediate နှင့် Advanced Level ဟု နှစ်ဆင့်ခွဲခြား ယှဉ်ပြိုင်စေမည် ဖြစ်ပါကြောင်း။

ယနေ့အခမ်းအနားသည် မြန်မာနိုင်ငံ၏ ICT ဖွံ့ဖြိုးတိုးတက်မှုကို တစ်မျိုးသားလုံးအတိုင်းအတာဖြင့် နိုင်ငံတော်၏ပံ့ပိုးကူညီမှုနှင့် ပုဂ္ဂလိက ပညာရှင်၊ လုပ်ငန်းရှင်များ၏ တက်ကြွသည့်စိတ်ဓာတ်၊ ဝိုင်းဝန်းကြိုးစားမှု များကြောင့် ICT Park စတင်ဖွင့်လှစ်ခဲ့သည့် ၂၀၀၂ခုနှစ်မှစ၍ သုံးနှစ်တာခရီး ဖြတ်သန်းပြီးသည့်နောက် မည်ကဲ့သို့အောင်မြင်မှုများရရှိလာသည်ဆိုသည်ကို ဤရက်သတ္တပတ်ပြပွဲ၊ ပြခန်းများ၊ ဆွေးနွေးပွဲများနှင့် ပြိုင်ပွဲများက သက်သေခံ ကြမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယခုအခါ မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးကဏ္ဍတွင် တည်ငြိမ်အေးချမ်းသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီလူမှုအဆောက်အအုံ ဖြစ်ပေါ်လာရန် မူဝါဒလမ်းစဉ် (၇)ရပ်ဖြင့် အကောင်အထည်ဖော်လျက်ရှိနေကြောင်း၊ စီးပွားရေး ကဏ္ဍတွင်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် အားသွန်ခွန်စိုက် ဆောင်ရွက် ခဲ့သဖြင့် နိုင်ငံ့စီးပွားရေးသည် အရှည်တည်တံ့ခိုင်မြဲသည့် တိုးတက်မှုများ ဖြစ်ထွန်းလာခဲ့ကြောင်း၊ လူမှုရေးကဏ္ဍတွင်လည်း အထူးသဖြင့် ကျန်းမာရေး၊ ပညာရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးတို့တွင် ထူးထူးခြားခြား အောင်မြင်မှု များရရှိခဲ့ကြောင်း။

မရှိမဖြစ်လိုအပ်

ဤကဲ့သို့ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရာတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသည် အဓိကကျကြောင်း မိမိတို့အနေဖြင့် ခံယူထားပြီးဖြစ်ကြောင်း၊ အိုင်စီတီသည် နေ့စဉ် လူမှုဘဝတွင် မရှိမဖြစ်လိုအပ်ပြီး လူတို့၏ ဘဝကို တိုးတက်ပြောင်းလဲနိုင်ကြောင်းကိုလည်း အသိအမှတ်ပြုထားပါကြောင်း၊ အိုင်စီတီဟုခေါ်သည့် သတင်းအချက်အလက် နှင့် ဆက်သွယ်ရေးနည်းပညာသည် ကုန်ထုတ်လုပ်မှုနည်းစဉ် ပိုမိုအကျိုးရှိ အောင်နှင့် ထုတ်လုပ်မှုတိုးမြှင့်အောင်၊ ကုန်သွယ်မှုကျယ်ပြန့်လာအောင်နှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ပိုမိုကောင်းမွန်လာအောင် ပံ့ပိုးမှုများ များစွာ စွမ်းဆောင်ပေးနိုင်ကြောင်း၊ အိုင်စီတီသည် လူမှုဘဝကို အနာဂတ်တွင် ပိုမိုပြီး တင့်တယ်မြင့်မားလာအောင်လည်း ထောက်ကူပေးနိုင်စွမ်းရှိကြောင်း၊ အိုင်စီတီ၏ တိုးတက်သည့်နည်းပညာများသည် မြန်မာနိုင်ငံကို အမြန်ဆုံး တိုးတက်အောင် ပို့ဆောင်ပေးနိုင်မည့် အရေးပါသော အခွင့်အလမ်းများကို ဖန်တီးဖော်ဆောင် ပေးနိုင်စွမ်းရှိသည်ဟု ယုံကြည်ကြောင်း။

နိုင်ငံတော်အစိုးရသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးတိုးတက်လာစေရအောင် သန္နိဋ္ဌာန်ချ ဆောင်ရွက်နေရာတွင် အစိုးရကဏ္ဍသာမက ပုဂ္ဂလိကကဏ္ဍမှ ကွန်ပျူတာပညာရှင်များ၊ ကွန်ပျူတာ လုပ်ငန်းရှင်များနှင့် နိုင်ငံရပ်ခြား မိတ်ဆွေများ၏ ပံ့ပိုးကူညီမှုများကြောင့် မကြာခင်နှစ်များအတွင်း အိုင်စီတီနည်းပညာ လျင်မြန်စွာတိုးတက်လာခဲ့ ကြောင်း ယနေ့တွေ့ရှိနေရကြောင်း၊ နိုင်ငံသားအားလုံးသည် အိုင်စီတီဖွံ့ဖြိုး တိုးတက်အောင် အရှိန်မြှင့်ပြီး ရှေ့ဆက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရဘက်ကလည်း မြန်မာနိုင်ငံ၏ အိုင်စီတီဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကနှင့် အများပြည်သူအတွက် ထိရောက်သည့်ပံ့ပိုးမှုများ ဆက်လက် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ အိုင်စီတီဖွံ့ဖြိုးတိုးတက်မှုသည် ထင်ရှားသည့် သာဓက များနှင့် ဖြစ်ထွန်းအောင်မြင်နေသည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ တွေ့ရှိရ ကြောင်း။

ဖွဲ့စည်းနိုင်

အိုင်စီတီတိုးတက်မှု စီမံကိန်းဖြင့် စနစ်တကျဆောင်ရွက်ခဲ့ရာတွင် မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးဥပဒေကို ၁၉၉၆ခုနှစ်တွင် စတင် ထုတ်ပြန်နိုင်ခဲ့ကြောင်း၊ ဤဥပဒေအရ မြန်မာနိုင်ငံကွန်ပျူတာပညာ ဖွံ့ဖြိုးရေး ကောင်စီ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာ လုပ်ငန်းရှင်အသင်းနှင့် မြန်မာ နိုင်ငံ ကွန်ပျူတာ ဝါသနာရှင်အသင်းများကို ၁၉၉၈ခုနှစ်တွင် ဖွဲ့စည်းနိုင်ခဲ့ ကြောင်း။

အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ကို ၂၀၀၀ပြည့်နှစ်တွင် ဖွဲ့စည်းခဲ့ပြီး အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့၏ ဦးဆောင်မှုဖြင့် ပုဂ္ဂလိကကဏ္ဍကို ကိုယ်စားပြုသည့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် အသင်းများက စနစ်တကျပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် မြန်မာနိုင်ငံအိုင်စီတီဖွံ့ဖြိုးမှုသည် လျင်မြန်ထိရောက်သည့် အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ခြင်းပင်ဖြစ်ကြောင်း။

ဤကဲ့သို့ကြိုးပမ်းဆောင်ရွက်မှုများထဲက ရရှိဖြစ်ထွန်းလာသည့် ထူးခြားသော အကျိုးရလဒ်ကောင်းတစ်ခုမှာ အိုင်စီတီပတ်ခ်များ တည်ဆောက်နိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ မြန်မာအိုင်စီတီပတ်ခ်ကို ၂၀၀၂ခုနှစ် ဇန်နဝါရီ ၂၁ရက်တွင်လည်းကောင်း၊ မန္တလေး အိုင်စီတီပတ်ခ်ကို ၂၀၀၃ခုနှစ် ဩဂုတ်လထဲတွင်လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ဤအိုင်စီတီပတ်ခ်များတွင် Broadband အင်တာနက်နည်းပညာ၊ လုံလောက်သည့် လျှပ်စစ်စွမ်းအားနှင့် အခြားစွမ်းအင်များကို ပံ့ပိုးပေးနိုင်ခြင်းတို့ ပေါင်းစည်းပြီး အိုင်စီတီဖွံ့ဖြိုးမှုကို နိုင်ငံတကာအဆင့်တစ်ရပ်ရောက်ရှိအောင် စွမ်းဆောင်ပေးလျက်ရှိကြောင်း။

နိုင်ငံတကာအဆင့်မီ

ဤကဲ့သို့နိုင်ငံတကာအဆင့်မီသည့် အိုင်စီတီပတ်ခ်များ အမြန်ဆုံးဖြစ်ထွန်းပေါ်ပေါက်လာပြီး အောင်အောင်မြင်မြင်ဖြင့် လုပ်ငန်းများလည်ပတ်နေကြသည်ကို တွေ့မြင်ရခြင်းသည် အိုင်စီတီဖွံ့ဖြိုးရေးအတွက် အထူးအားတက်ဖွယ် အခြေခံကောင်းများ ဖြစ်ထွန်းနေခြင်းဖြစ်ကြောင်း၊ ဤအိုင်စီတီပတ်ခ်များသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ပင်မစီမံကိန်း (ICT Master Plan)၏ တစ်စိတ်တစ်ပိုင်းအဖြစ် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ပေါ်ထွန်းလာခဲ့ပြီးဖြစ်ကြောင်း။

၂၀၀၀ပြည့်နှစ်ထဲတွင် ပြဋ္ဌာန်းခဲ့သည့် ICT Master Plan သည် အိုင်စီတီဖွံ့ဖြိုးမှု၏ ဦးတည်ချက်များကို စနစ်တကျ လမ်းညွှန်ဦးဆောင်ပေးနိုင်ခဲ့ကြောင်း၊ ဤ ICT Master Plan တွင် ICT အခြေခံအဆောက်အအုံ၊ (ICT lnfrastructure) ဖွံ့ဖြိုးတိုးတက်စေရေး၊ ICT ဆိုင်ရာဥပဒေများ ပြည့်ပြည့်စုံစုံ ပြဋ္ဌာန်းနိုင်ရေး၊ ICT ကို ပညာရေးတွင် ထိရောက်စွာ အသုံးပြုနိုင်ရေး၊ အစိုးရနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများတွင် ICTကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်စေရေး၊ ICTကို နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတစ်ခုအဖြစ် ပေါ်ပေါက်လာစေရေး၊ ICTဆိုင်ရာ ကုန်ပစ္စည်းဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတွင် လွတ်လပ်စွာ လုပ်ဆောင်နိုင်ရေးစသည့် ရည်မှန်းချက်လုပ်ငန်းစဉ်ခြောက်ခုကို အဓိကထားအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ဤမူလစီမံချက်ကို ခေတ်နှင့်အညီ ပြုပြင်ရန် လိုအပ်သည့်အတွက် Initiative for ASEAN lntegration (IAI) အစီအဉ်အရ ICT Master Plan ရေးဆွဲရေး စီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ဆိုက်ဘာဥပဒေ

ဆိုက်ဘာ ဥပဒေရေးဆွဲမှု၏ ကျေနပ်ဖွယ်ရာ တိုးတက်မှုတစ်ခုအဖြစ် အီလက်ထရွန်နစ် ဆက်သွယ်ရေး ဥပဒေကို ၂၀၀၄ခုနှစ်ထဲတွင် ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ ဤဥပဒေသည် e-Government နှင့် e-Commerce အတွက် များစွာအထောက်အကူဖြစ်စေကြောင်း၊ ဆိုင်ဘာ ဥပဒေများ မကြာမီကာလအတွင်း ပြည့်ပြည့်စုံစုံ ပြဋ္ဌာန်းနိုင်အောင် ဆက်လက်ဆောင်ရွက်သွားရဦးမည်ဖြစ်ကြောင်း။

အိုင်စီတီ စံနှုန်းသတ်မှတ်ရေး လုပ်ငန်းများထဲက တစ်ခုအဖြစ် ကွန်ပျူတာသုံး မြန်မာစာစနစ်ဆိုင်ရာ စံများသတ်မှတ်နိုင်ခဲ့ပြီး ကွန်ပျူတာပေါ်တွင် သုံးနိုင်အောင်လည်း တီထွင်ထားပြီးဖြစ်ကြောင်း၊ ဤစံနှုန်းများသည် ကွန်ပျူတာစနစ်များ အချင်းချင်းပူးတွဲအသုံးချသည့်နေရာတွင် ပိုမိုချောမွေ့အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ICT ထုတ်ကုန်၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၏ Liberalization လုပ်ငန်းကို အာဆီယံ သဘောတူညီချက်များအတိုင်း အကောင်အထည်ဖော်နိုင်အောင်လည်း ဆောင်ရွက်လျက်ရှိကြောင်း။

လူ့စွမ်းအားတိုးတက်ရေး

ပညာရေးနယ်ပယ်နှင့် ICT လူ့စွမ်းအား တိုးတက်ရေးကိုလည်း အိုင်စီတီနည်းပညာဖြင့် အားဖြည့်ထောက်ကူပေးလျက်ရှိကြောင်း၊ အထက်တန်းအဆင့်ကျောင်းများ၌ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေပြီဖြစ်သည့် Multimedia စာသင်ခန်း၊ Data Broadcasting စနစ်နှင့် ပညာရေးသုံး အင်ထရာနက်များသည် ICT ကဏ္ဍ၏ ထင်ရှားသည့် ဖွံ့ဖြိုးတိုးတက်မှု ပြယုဂ်များပင်ဖြစ်ကြောင်း၊ စီအိုင်တီ လူ့အရင်းအမြစ် တိုးတက်ရန်အတွက် ကွန်ပျူတာတက္ကသိုလ် နှစ်ခုနှင့် အစိုးရကွန်ပျူတာကောလိပ် ၂၄ ခု ဖွင့်လှစ် သင်ကြားလျက်ရှိကြောင်း၊ အခြားတက္ကသိုလ်များတွင်လည်း ကွန်ပျူတာဒီဂရီ



ဇန်နဝါရီ ၂၃ ရက်ကလှိုင်မြို့နယ် MICT Park၌ ပြုလုပ်သည့် စတုတ္ထအကြိမ် မြန်မာ အိုင်စီတီ ရက်သတ္တပတ် ၂၀၀၅ တွင် CD WORLD Hardware and Software Super Store ပြခန်း၌ ပရိသတ်များ စိတ်ဝင်စားစွာကြည့်ရှုစဉ်။ (က–ပ)

သင်တန်းများ ပို့ချပေးလျက်ရှိနေကြောင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် အသင်းများကလည်း အိုင်စီတီစွမ်းအားမြှင့်တင်ရန်နှင့် လူ့အရင်းအမြစ်တိုးတက်ရေးတို့အတွက် ပညာရပ်ဆိုင်ရာ သင်တန်းများ ပို့ချပေးနေပြီး နိုင်ငံအချင်းချင်း အသိအမှတ်ပြု (Cross Certification) စာမေးပွဲများ ကျင်းပပေးလျက်ရှိကြောင်း။

အသိအမှတ်ပြု

ထူးခြားသည့် ယနေ့အခမ်းအနားတွင် နိုင်ငံတကာမိတ်ဆွေများ၏ တန်ဖိုးရှိသည့် ပူးပေါင်းကူညီခဲ့မှုများကို ထပ်လောင်းအသိအမှတ်ပြု ပြောကြားလိုကြောင်း၊ ယခုအခါ မြန်မာနိုင်ငံသည် ဂျပန်၊ အိန္ဒိယ၊ မလေးရှား၊ စင်ကာပူ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့နှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ဤသို့ဆောင်ရွက်ခြင်းအားဖြင့်နိုင်ငံတကာအိုင်စီတီ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးတက်ဖြစ်ထွန်းစေမည်ဟု ယုံကြည်ကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများနှင့် နိုင်ငံရပ်ခြားမှ လေ့လာသူများအနေဖြင့် ဤပြပွဲကြီးတွင် မြန်မာနိုင်ငံ၏ လက်ရှိအိုင်စီတီအခြေအနေနှင့် ရှေ့အလားအလာများကို ကောင်းစွာမှန်းဆသုံးသပ်နိုင်မည်ဖြစ်ကြောင်း၊ အိုင်စီတီကုမ္ပဏီများအနေဖြင့်လည်း မိမိ၏ Products & Services ကို မိတ်ဆက်နိုင်မည့် အခွင့်အလမ်းကောင်းများ များစွာရရှိနိုင်မည်ဖြစ်ကြောင်း၊ လတ်တလောအိုင်စီတီရက်သတ္တပတ်လှုပ်ရှားမှုအတွင်းတွင် အီလက်ထရောနစ် လူနေမှုစနစ်ဆီ ရှေးရှုလျက် (Towards an e-Society) ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရန်နှင့် Programming ပြိုင်ပွဲ၊ Web Development ပြိုင်ပွဲနှင့် Network ပြိုင်ပွဲများ ကျင်းပရန် စီစဉ်ထားသည်ဟု သိရှိထားကြောင်း၊ ဤဆွေးနွေးပွဲနှင့် ပြိုင်ပွဲများသည် နိုင်ငံအတွင်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဗဟုသုတတိုးပွားစေရန် များစွာအကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်ကြောင်း။

နိဂုံးချုပ်အနေဖြင့် အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့နှင့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့်အသင်းများကို အိုင်စီတီဖွံ့ဖြိုးမှုအတွက် ဆတက်ထမ်းပိုး တိုးပြီးကြိုးပမ်းဆောင်ရွက်ကြရန်၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ရေးကထက် ပိုမိုပူးပေါင်းပါဝင်ပြီး လက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံကွန်ပျူတာ ပညာဖွံ့ဖြိုးရေးကောင်စီအနေဖြင့် အိုင်စီတီဖွံ့ဖြိုးမှု လုပ်ငန်းများကို ဥပဒေမူဘောင်များအတွင်းက အကောင်းဆုံးဖြည့်ဆည်း အားပေးသွားမည်ဆိုသည်ကိုလည်း ထပ်လောင်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

လက်ဆောင်ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးသိန်းဦးက စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ် ၂၀၀၅ ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ် ဂါရဝလက်ဆောင်ကို ပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်တွင်း၊ ပြည်ပ ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော်များသည် စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ် ၂၀၀၅ ၏ ပြခန်းများနှင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၂၂ရက်က ဒဂုံမြို့ အမှတ်(၂) အခြေခံပညာအ တန်းကျောင်း မိဘဆရာအ နာယက ဒုတိယဗိုလ်ချုပ်ကြီးတ ၏ဇနီး ဒေါ်ခင်သန်းနွဲ့ ဒဂုံမြို့ အမှတ်(၂) အခြေခံပညာအ တန်းကျောင်း၏ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် မိဘဆရာအ နှစ်ပတ်လည် အစည်းအဝေ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အ အနားတွင် အလှူရှင် တစ်ဦး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ် (သတင်းဖော်ပြပြီး) (သတင်း

MICT နှစ်ပတ်လည် ကြိုဆိုသော အားဖြ အလုပ်ရှာဖွေရေး အင်တာနက်ဝက်ဆိုက်ဖွ

ရန်ကုန် ဇန်နဝါရီ ၂၃

စတုတ္ထအကြိမ် MICT နှစ်ပတ်လည်နေ့ကို ကြိုဆိုသောအားဖြင့် အလုပ်ရှင်နှင့် အလုပ်သမား ဆက်သွယ်ပေးနိုင်မည့် အင်တာနက် ဝက်ဆိုက်တစ်ခုကို ဇန်နဝါရီ ၂၃ရက်တွင် စတင်လိုက်ပြီဖြစ်သည်။ ဖွင့်လှစ် နိုင်သော လိပ်စာမှာ www.asianjob bus.com ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း– ၅၂၆၆ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ မည်သူမဆို ဝန်ဆောင်ခပေးရန် မလိုဘဲ ဝက်ဆိုက်ကို အသုံးပြုနိုင်ကြ သိရသည်။ (က

✧ **မြန်မာအိုင်စီတီမှ**

ဝန်ကြီးဌာနပြခန်းများ၌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့က ပြခန်းများဖွင့်လှစ်၍ ဝန်ကြီးဌာနအလိုက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို ပြသထားသည်။

ထို့အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာကော်မတီက ပြည်သူများအား ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာတွင် ICT နည်းပညာကို အသုံးပြုဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ Mandalay ICT Park က မန္တလေးမြို့နှင့် အထက်မြန်မာနိုင်ငံမြို့များ၌ ICT နည်းပညာ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်မှုများ၊ ICT နည်းပညာ ဆောင်ရွက်ချက်များကိုလည်းကောင်း ခင်းကျင်းပြသထားသည်။

ထို့အတူ ပုဂ္ဂလိက ICT ကုမ္ပဏီများကလည်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုနှင့် ထုတ်လုပ်ဖြန့်ဖြူးသော ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအရောင်းပြခန်းများ ဖွင့်လှစ်ပြသရောင်းချလျက်ရှိကြသည်။ အထူးသဖြင့် ICT ကုမ္ပဏီအများစုတို့က e-Government တိုးတက်ဖြစ်ထွန်းရေးဆိုင်ရာ ဆော့ဖ်ဝဲလ်များ၊ ဟာ့ဒ်ဝဲလ်များနှင့် အစီအစဉ်များကို ဦးစားပေးထုတ်လုပ်ဖြန့်ချိလျက်ရှိကြသည်။

လေ့လာဆွေးနွေး

စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ် ၂၀၀၅တွင် IT Product Presentation များကိုပါ ကျင်းပလျက်ရှိရာ ယနေ့မွန်းလွဲ ၁နာရီတွင် MICT Conference Hall ၌ နည်းပညာ ဟောပြောပွဲဖြစ်သည့် "Natural Language Processing" ဟောပြောပွဲကို ကျင်းပရာ စိတ်ပါဝင်စားသူများ၊ ကွန်ပျူတာပညာသုတေသီများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက် လေ့လာဆွေးနွေးကြသည်။

ထို့အတူ Programming၊ Web Development နှင့် Network Game ပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ Network Game ပြိုင်ပွဲကို MICT Park အဆောက်အအုံ(၇) အခန်း(၄)နှင့် (၈)တို့၌လည်းကောင်း၊ Programming နှင့် Web Development ပြိုင်ပွဲများကို အဆောက်အအုံ(၁)ရှိ e-Learning Centre ၌လည်းကောင်း ကျင်းပပေးလျက်ရှိသည်။ Network Game ပြိုင်ပွဲကို Professional အဆင့်နှင့် Amateur အဆင့်ဟူ၍ နှစ်ဆင့်ခွဲကျင်းပမည်ဖြစ်ရာ ယနေ့တွင် Amateur အဆင့်ပြိုင်ပွဲ၏ ဒုတိယနေ့ ပွဲစဉ်များကို ဆက်လက်ကျင်းပနေသည်။ အဆိုပါ Amateur အဆင့်ပြိုင်ပွဲတွင် Network Game အသင်း ၆၈သင်းပါဝင်ယှဉ်ပြိုင်ကြပြီး Professional အဆင့် ပြိုင်ပွဲကို ဇန်နဝါရီ ၂၄ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ဇန်နဝါရီ ၂၃ရက်က စတုတ္ထအကြိမ်မြန်မာအိုင်စီတီ ရက်သတ္တပတ်ပြပွဲ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Programming နှင့် Web Development ပြိုင်ပွဲများ ကျင်းပလျက်ရှိရာ Advanced Programming ပြိုင်ပွဲတွင် အိုင်တီပညာရှင်များ ပါဝင်ယှဉ်ပြိုင်ကြစဉ်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄–၁–၂၀၀၅ (တနင်္လာနေ့)

၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့် (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တ ဝိစိတ္တ သာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅	၂။	**တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈:၁၀	၇။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၂၀	၈။	ဆင်ဖြူရှင်တံတား
၈:၃၀	၉။	International News.
၈:၄၅	၁၀။	Grammar Made Easy.
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	Practice in Reading.
၄:၄၅	၄။	တေးဂီတအစီအစဉ်
၅:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ်
၅:၁၅	၆။	အကပဒေသာ
၅:၃၀	၇။	အတီးပြိုင်ပွဲ
၅:၃၅	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၅:၄၀	၉။	မြန်မာစာ၊ မြန်မာစကား
၅:၅၅	၁၀။	တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေ
၆:၀၅	၁၁။	Discovery.
၆:၁၀	၁၂။	**နိုင်ငံခြားကာတွန်းဇာတ်လမ်း "မျောက်မင်းဂူနှန်း" (အပိုင်း**
၆:၃၀	၁၃။	ညနေခင်းသတင်း
၇:၀၀	၁၄။	မိုးလေဝသအခြေအနေ
၇:၀၅	၁၅။	ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ (ဒုတိယ နံနက်ပိုင်းအစီအစဉ် (၁၀–၁၂–၂၀၀၄)
၇:၃၀	၁၆။	**"မောင်မြန်မာ လျှပ်စစ်စ [ရီဝေယံ၊ စောနိုင်(ရှမ်းပြ ပုလဲဝင်း] [ဒါရိုက်တာ–တင်အောင် (သုတေသီ)**
၇:၄၅	၁၇။	တေးဂီတအစီအစဉ်
၈:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ "သံစဉ်မဲ့ချစ်သူ" (အပိုင်း**
	၂၂။	**မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာ ဘာဝနာပွားများခြင်း တရားတော်**
	၂၃။	နောက်တစ်နေ့အစီအစဉ်
	၂၄။	အစီအစဉ်ပြီး၏။

(ရုပမေဒအထူးပြု) (ရုပ

(၄၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲဖွင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အမှာစကားပြောကြား

၂၀၀၅ခုနှစ် (၄၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် အဖွင့်အမှာစကားပြောကြားစဉ်။

(အား/ကာ)

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၈နာရီတွင် သိမ်ဖြူ တင်းနစ်အားကစားပြိုင်ကွင်း၌ ကျင်းပသော ၂၀၀၅ခုနှစ် (၄၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်း သတ်မှတ်နေရာ၌ နေရာယူ၍ ယမန်နှစ်ချန်ပီယံ မန္တလေးတိုင်းအမျိုးသမီးအသင်းက မိမိတို့ရရှိခဲ့သော တံခွန်စိုက်ဒိုင်းဆုကြီးကို ပြန်လည်အပ်နှံရာ ဝန်ကြီးက လက်ခံရယူပြီး အမှာစကား ပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများ အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး အားကစားပြိုင်ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြသည်။ ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်း၍ ယနေ့ပြိုင်ပွဲ ပွဲစဉ်များအတိုင်း ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။ ပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းများမှ အမျိုးသား ၁၆သင်းနှင့် အမျိုးသမီးရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဇန်နဝါရီ ၂၉ရက်အထိ ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြို့ပြနှင့် ကျေးလက်စည်ပင်သာယာရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြနှင့် ကျေးလက်စည်ပင်သာယာရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

စက်ရေတွင်းတူးဖော်

စစ်ကိုင်းတိုင်း ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း အရှည်ပေ ၁၄၅၀၊ အကျယ် ၁၄ ပေရှိ မန်ကျည်းတော ကျောက်ချောလမ်း၊ ၃မိုင် ၂ဖာလုံရှိ တင်းတိန်ရုံ-ဒီပဲရင်း ကျေးလက် ကျောက်ချောလမ်းတို့ကို ဆောင်ရွက်ခဲ့ပြီး ဇီးကုန်းကျေးရွာ၌ နှစ်လက်မအလျှရှင် စက်ရေတွင်း တူးဖော်ခဲ့သည်။

အလားတူ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အရှည် ပေ ၃၂၀၊ အကျယ် ၁၂ပေရှိ ရန်မျိုးအောင်ရပ်ကွက် ငွေသဇင်လမ်း၊ အရှည် ၆၄၇ပေ၊ အကျယ် ၁၂ပေရှိ ရှင်စောပုရပ်ကွက် ဓမ္မစေတီလမ်းနှင့် အရှည် ၅၉၇ ပေ၊ အကျယ်၁၂ပေရှိ ဘောဂလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ (သတင်းစဉ်)

ဇန်နဝါရီ ၂၂ ရက်က ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားတွင် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်သည့် ကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။

(သတင်းဖော်ပြပြီး)(သတင်းစဉ်)

ရွှေရတု နှစ်(၅၀)ပြည့် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၃

ရွှေရတု နှစ်(၅၀)ပြည့် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အလွတ်တန်း အမျိုးသား ဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့်ဇုန်များ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ မန္တလေးဇုန်၌ကျင်းပသော ပြိုင်ပွဲတွင် (က)အုပ်စုမှ မန္တလေးတိုင်းနှင့် မွန်ပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြရာ နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို မွန်ပြည်နယ်မှ မောင်လုသူက ရရှိသည်။

ပဲခူးဇုန်၌ ကျင်းပသော ပြိုင်ပွဲတွင် (ဂ)အုပ်စုမှ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရခိုင်ပြည်နယ်က ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို ရခိုင်ပြည်နယ်မှ ဆလိုင်းကိုအေးက ရရှိသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကြေးတိုင်းနှင့်မြေစာရင်းဦးစီးဌာန

အာဆီယံ+၃ နိုင်ငံများမှ လယ်ယာသတင်းအချက်အလက်ဆိုင်ရာ ညှိနှိုင်းရေးမှူးချုပ်များအစည်းအဝေး
နှင့်
အာဆီယံရိက္ခာလုံခြုံရေးသတင်းစနစ်စီမံကိန်းအကောင်အထည်ဖော်ရေးဆိုင်ရာတတိယအကြိမ်အစည်းအဝေး
၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ (၂၄)ရက်နေ့မှ (၂၈)ရက်နေ့အထိ
ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၊ ရန်ကုန်မြို့။

အင်းစိန် ကမ်းနားအလယ်ရပ်ကွက် ရတနာကံကြီး ပရိယတ္တိစာသင်တိုက်နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကျောင်းကို ကျပ်သိန်း ၅၀၀ကျော် အကုန်အကျခံ ဆောက်လုပ်မည့် နှစ်ထပ်ကျောင်းဆောင်သစ် အုတ်မြစ်စီမင်္ဂလာအခမ်းအနားနှင့် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂၃ရက်က အဆိုပါကျောင်းဆောင်သစ် ဆောက်လုပ်မည့် မြေကွက်လပ်၌ကျင်းပရာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီနာယက ဗိုလ်မှူးကြီး တင်ထွန်း အကြံပေးပုဂ္ဂိုလ် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနထံ အလှူရှင်များ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၁၃) ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၃

အေဒီ ၁၅ရာစု စဉ့်ထည်အစိတ်အပိုင်းများ ရန်ကုန်မြို့လယ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုတွင် တွေ့ရှိခဲ့၊ မြန်မာ-အိန္ဒိယ တိုက်ရိုက်ရေကြောင်း ကုန်သွယ်နိုင်ရေး အိန္ဒိယ အခြေစိုက်သင်္ဘောလိုင်းတစ်လိုင်း ပြေးဆွဲရန်စီစဉ်နေ၊ မြန်မာ-တရုတ် ပူးပေါင်းကျောက်ငါးစမ်းသပ်မွေးမြူ၊ သင်္ဘောသားများ ကားတင်သွင်းရရန် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်းက ညှိနှိုင်းနေကြောင်းသိရ စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

(၆၆)နှစ်အရွယ် တက္ကသိုလ်ပါမောက္ခ ကမ္ဘာ့အသက်အကြီးဆုံး မီးနေသည် ဖြစ်လာ၊ မြို့တော်ဝန်ရုပ်ဖျက်ပြီးကွင်းဆင်း ပါးပါးလိုးနေသော တက္ကစီသမားများကို ဖော်ထုတ်၊ ဆေးလိပ်သောက်ခြင်းကြောင့် ကင်ဆာနီးနွယ် ပရိုတိန်းဓာတ်ကြွ၊ တီဗွီမြင်ကွင်းကို ပိုမိုကြည်လင်ပြတ်သားစေမည့်စက် ဆိုနီကတီထွင်၊ လူသန်း ၅၀၀ကို ဆင်ရဲတွင်းမှ ဆွဲထုတ်ယူမည့်အစီအစဉ် ကုလကကြေညာ စသည့် နိုင်ငံတကာရေးရာသတင်းများ၊ ဆောင်းပါးသုံးသပ်ချက်များအပြင် ကျန်းမာရေး၊ စီးပွားရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း- ၇၀၃၈၁၃ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က-ပ)

ကြည့်မြင်တိုင်မြို့နယ် ကမ်းနားဈေး ဈေးသာယာရေးအဖွဲ့နှင့် ဈေးသူ၊ ဈေးသားမိသားစု၏ လှူဒါန်းငွေကျပ် ၁၀သိန်းကို မြဟွာဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ ဈေးဥက္ကဋ္ဌက ပေးအပ်လှူဒါန်းရာ ဦးအေးသန့် [ဥက္ကဋ္ဌ နာရေးကူညီမှုအသင်း(ရန်ကုန်)] လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(က-ပ)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကချင်ပြည်နယ် အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ ဦးဂေါ်ရီဇော်ဆိုင်းနှင့်အဖွဲ့အား ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒဂုံရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကချင်ပြည်နယ်အထူးဒေသ(၂)ဒုတိယဥက္ကဋ္ဌ ဦးဂေါ်ရီဇော်ဆိုင်းအား ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒဂုံရိပ်သာဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

✧ နိုင်ငံတော်မှ

ပါဝင်တက်ရောက်ဆွေးနွေးနေကြသည့် အမျိုးသားညီလာခံကြီးကိုလည်း မကြာမီ ဆက်လက်ကျင်းပတော့မှာဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်၏ အနာဂတ်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုကြီးနှင့်တကွ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် ရေရှည်အာမခံနိုင်မည့်အပြင် တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးစီးပွားကို ညီညွတ်မျှတစွာ ဖော်ဆောင်နိုင်မည့် တစ်မျိုးသားလုံးအတွက် အကောင်းဆုံးဖြစ်မည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် အခြေခံရမည့် အသေးစိတ်အခြေခံမှုများကို ဆွေးနွေးချမှတ်နေခြင်းဖြစ်ကြောင်း။

လုပ်ငန်းစဉ်များ

အမျိုးသားညီလာခံကြီးက အသေးစိတ်အခြေခံမှုများချမှတ်ပေးပြီးနောက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး၊ ပြည်သူလူထု၏ သဘောထားဆန္ဒခံယူအတည်ပြုရေး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲများကျင်းပရေး စသည့် လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ကြရဦးမှာဖြစ်ကြောင်း။

မိမိတို့ မိဘဘိုးဘွားများထားရစ်ခဲ့သည့် အမျိုးသားရေးအမွေအနှစ်ဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အနှစ်သာရများ ယိုယွင်းပျက်ပြားမှုမရှိစေဘဲ အစဉ်ထာဝရ တည်တံ့ခိုင်မြဲစေရေးအတွက် အခြေခံခိုင်မာစွာဖြင့် တစ်ဆင့်ချင်းတစ်ဆင့်ချင်း ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များပြည့်ပြည့်ဝဝအောင်မြင်ပြီးမြောက်ရေးအတွက် အချိန်ယူဆောင်ရွက်ကြရန် လိုကြောင်း။

ဖိအားပေးနေ

မိမိတို့နိုင်ငံ၏ ပကတိ အခြေအနေမှန်၊ ပြည်ထောင်စုကြီး၏ အဓိပ္ပာယ်နှင့် အနှစ်သာရတို့ကို သဘောပေါက်နားလည်မှုမရှိသည့် အနောက်နိုင်ငံကြီး အချို့က ဖိအားပေးနေသည်များလည်းရှိကြောင်း။

မိမိနိုင်ငံ မိမိလူမျိုး မိမိပြည်ထောင်စုကြီး၏ သမိုင်းကြောင်း အခြေခံများ၊ ယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများ၊ ပြည်ထောင်စုကြီး၏ အနှစ်သာရများနှင့် ဆီလျော်ညီညွတ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးနှင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့ အခြေခံခိုင်ခိုင်မာမာနှင့် ဖြစ်ထွန်းနေစေဖို့ အဓိကပင်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်၏ အနာဂတ်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုကြီးနှင့်တကွ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးတို့ အတွက် ရေရှည်အာမခံနိုင်မည့်အပြင် တိုင်းရင်းသား လူမျိုးများအားလုံး၏ အကျိုးစီးပွားကို ညီညွတ်မျှတစွာ ဆောင်ရွက်နိုင်မည့် တစ်မျိုးသားလုံးအတွက် အကောင်းဆုံးဖြစ်မည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် အခြေခံရမည့် အသေးစိတ်အခြေခံမှုများကို ဆွေးနွေးချမှတ်နေခြင်းဖြစ်။

အခြေခံအုတ်မြစ်

ယခုအခါတွင် နိုင်ငံတော် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ အနာဂတ်တည်ငြိမ်ခိုင်မာစေရေးအတွက် အခြေခံအုတ်မြစ်များ တည်ဆောက်နိုင်စေရန် နိုင်ငံတော်မှဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

တစ်မျိုးသားလုံး လိုလားတောင့်တနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားညီလာခံကြီးက အစပြုသော နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်ပြည့်မြောက်စေရအောင် တိုင်းရင်းသားအဖွဲ့အစည်းများ အားလုံးက မူဝါဒလမ်းစဉ်(၇)ရပ်၏ အဆင့်တိုင်း အဆင့်တိုင်းတွင် တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ ဦးဂေါ်ရီဇော်ဆိုင်းက ကချင်တိုင်းရင်းသားများအနေဖြင့် ကိုလိုနီနယ်ချဲ့ကျူးကျော်မှု ဆန့်ကျင်ရေးကာလမှစ၍ နိုင်ငံတော်လွတ်လပ်ရေး ရရှိသည့်တိုင် အခြားသော တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့် လက်တွဲပူးပေါင်းတွန်းလှန်ကာကွယ်ခဲ့သည့် သမိုင်းကြောင်းအစဉ်အလာရှိပါကြောင်း။

ယခုလည်း နိုင်ငံတော်အစိုးရက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ထုတ်ဖော်ပြောကြားချိန်ကပင် စတင်ထောက်ခံခဲ့ပြီး အမျိုးသားညီလာခံကြီးတွင် တက်ကြွစွာပါဝင် တက်ရောက်လျက်ရှိပါကြောင်း။

မိမိတို့ကချင်တိုင်းရင်းသားများနှင့် မိမိတို့အဖွဲ့အစည်းအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြည့်မြောက်သည်အထိ ဆက်လက်လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြသည်။

ယင်းနောက် နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကချင်ပြည်နယ် အထူးဒေသ(၂) တိုင်းရင်းသား ခေါင်းဆောင်များသည် ကချင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေး၊စီးပွားရေး၊လူမှုရေး၊ ရေအားလျှပ်စစ်ဓာတ်အား တိုးချဲ့တည်ဆောက်ရေး အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နိုင်ငံတော်က ကူညီပံ့ပိုးရေး ညှိနှိုင်းဆွေးနွေးကြသည်။

(သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် အမှတ်(၃)ပိုင်း ပါရမီကျောင်းတိုက် ဇမ္ဗူရတနာယဉ်ကျေးလိမ္မာမင်္ဂလာသင်တန်း ဒုတိယအကြိမ်မြောက် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ထူးချွန်အောင်မြင် ကျောင်းသား/သူများအား ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ၂၃ရက်က အထက(၁) သီရိရတနာခန်းမတွင်ကျင်းပရာ ပထမရွှေတံဆိပ်ဆုရ မောင်ရဲမင်းထက်အား သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုး ဆုချီးမြှင့်စဉ်။ (၆၃)

မြန်မာ ICT ရက်သတ္တပတ်

၂၀၀၅ ခုနှစ်

(၂၁-၁-၂၀၀၅)ရက်မှ (၂၇-၁-၂၀၀၅)ရက်အထိ

MICT Park ၊ ရန်ကုန်မြို့

စတုတ္ထအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၅ (ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ)

ဇန်နဝါရီ ၂၄ ရက်၊ တနင်္လာနေ့

၀၉း၀၀-၁၇း၀၀	-	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	-	ICT Product Presentation
၀၉း၀၀-၁၇း၀၀	-	ICT Competitions
၁၃း၀၀-၁၆း၃၀	-	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၅ ရက်၊ အင်္ဂါနေ့

၀၉း၀၀-၁၇း၀၀	-	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	-	ICT Product Presentation
၀၉း၀၀-၁၇း၀၀	-	Network Game ပြိုင်ပွဲ
၁၃း၀၀-၁၆း၃၀	-	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့

၀၉း၀၀-၁၇း၀၀	-	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	-	ICT Product Presentation
၀၉း၀၀-၁၇း၀၀	-	Network Game ပြိုင်ပွဲ
၁၃း၀၀-၁၆း၃၀	-	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့

၀၉း၀၀-၁၇း၀၀	-	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၇း၀၀	-	Network Game နောက်ဆုံးပြိုင်ပွဲ
၁၃း၀၀-၁၆း၀၀	-	ICT Competitions ပြိုင်ပွဲများ ဆုချီးမြှင့်ခြင်း
	-	ကူညီပံ့ပိုးသူများအား ဂုဏ်ပြုလွှာပေးအပ်ခြင်း
	-	အိုင်စီတီရက်သတ္တပတ်ပိတ်ပွဲအခမ်းအနား

(တနင်္ဂနွေနေ့တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ၊ ကျန်နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ပြသပါမည်)

MICT Park, တက္ကသိုလ်များ လှိုင်နယ်မြေ၊ ရန်ကုန်။

မြန်မာအိုင်စီတီပြပွဲ ယာဉ်များ အခမဲ့ပြေးဆွဲမည်

ရန်ကုန် ဇန်နဝါရီ ၂၃

စတုတ္ထအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ် ၂၀၀၅ ကို ရန်ကုန်မြို့ တက္ကသိုလ်များ လှိုင်နယ်မြေရှိ MICT Park တွင် ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်ထိ ICT ပြပွဲ ပြခန်းများ၊ ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ၊ ICT Products Presentation များ၊ ICT ပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပြပွဲလာပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ပါရမီလမ်းနှင့် အင်းစိန်လမ်းဆုံမှလည်းကောင်း၊ ပါရမီလမ်းနှင့် ပြည်လမ်းဆုံမှ လည်းကောင်း ခရီးသည်တင်ယာဉ်များဖြင့် MICT Park သို့ ခေါက်တုံ့ ခေါက်ပြန် အခမဲ့သယ်ပို့ပေးမည်ဖြစ်သည်။ (သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂၃

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ထေရဝါဒဗုဒ္ဓဓမ္မဒေသနာ ပြန့်ပွားရေးအဖွဲ့ကကြီးမှူး၍ ချိုကြည်သာသနာ့ဗိမာန်တော်ကြီးတွင် ဇန်နဝါရီ ၂၅ ရက် ပြာသိုလပြည့်ကျော် ၁ ရက်တွင် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)နှင့် ၂၆ ရက် ပြာသိုလပြည့်ကျော် ၂ ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော်တို့က ညစဉ် ၇ နာရီခွဲတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

မိုးလုံလေလုံအားကစားကွင်းရုံ တည်ဆောက်ရေးစီမံကိန်း တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီက လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် မိုးလုံလေလုံအားကစားရုံ အဆောက်အအုံတည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တိုင်းမှူးအား ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေနှင့် တာဝန်ရှိသူများက မိုးလုံလေလုံအားကစားရုံအား အဆင့်မြင့်ခေတ်မီအားကစားရုံအဖြစ် တည်ဆောက်သွားမည့် အစီအစဉ်များနှင့် စီမံကိန်း လုပ်ငန်းများ စတင်ဆောင်ရွက်မှုအခြေအနေများကို ရုပ်ပုံဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြကြပြီး ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်း မှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အဆိုပါ အားကစားရုံ တည်ဆောက်မည့်နေရာ၌ ကျင်းပသည့် အားကစားရုံ ပန္နက်တင် အခမ်းအနားသို့တက်ရောက်ပြီး မင်္ဂလာအချိန်အခါတွင် ပန္နက်တိုင်များကို စိုက်ထူပေးကြသည်။

အဆိုပါ မိုးလုံလေလုံ အားကစားရုံသစ်မှာ အလျား ၂၂၃ ပေ၊ အနံပေ ၁၅၀ ရှိပြီး အားကစား ဝါသနာရှင် ပရိသတ် ၂၅၀၀ ကြည့်ရှုအားပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့ တပ်ဦး ရန်အောင်မြင် ရေးဟောင်းဆုတောင်းပြည့်စေတီတော်သို့ ရောက်ရှိပြီး စေတီတော်ကြီး၏ အရှေ့ဘက် အာရုံခံတန်ဆောင်းအတွင်းရှိ ရေးဟောင်း ဗုဒ္ဓရုပ်ပွားတော်နှင့် တောင်ဘက်အာရုံခံတန်ဆောင်းအတွင်းရှိ အဘယမုဒြာ ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ်စခန်းရုံး မိသားစုများ၏ ဆီထွက်သီးနှံ ဆင်းရွှေလီ နေကြာစိုက်ခင်းသို့လည်းကောင်း၊ အဆိုပါစိုက်ခင်းအနီးရှိ ပျားလိမ္မော်ပင်များ တိုးချဲ့စိုက်ပျိုးမည့်နေရာသို့ လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ကုသိုလ်ပြုပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကင်းမြို့နယ် အမှတ်(၅)ရပ်ကွက်၊ ပညာဝတီရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ကျေးဇူးရှင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသိရီ၏ နှစ်နှစ်ပြည့်မြောက် အထိမ်းအမှတ် ဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား ဆွမ်း၊ သင်္ကန်း စသည့် လှူဖွယ်ဝတ္ထု အစုစုတို့ကို ၁၃၆၆ခုနှစ် ပြာသိုလပြည့်ကျော် ၁ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ (က-ပ)

ကွယ်လွန်သူများ ဖြစ်ကြသော ဘိုးဘိုး၊ ဘွားဘွားနှင့် ဖခင်ကြီး ဦးညီညီရင်၊ မိခင်ကြီး ဒေါ်မေသန်းစော၊ ကြီးကြီး ဒေါ်ခင်ဝင်းတို့အား ရည်စူး၍ မင်းပိုင်စိုး-ခေမာရင်၊ သမီး-မြင့်မြတ်ပိုင်စိုး မိသားစု အမှတ် (၁၂/ H-၂)၊ ဦးလွန်းမောင်လမ်းသွယ် (၃)၊ မရမ်းကုန်းမြို့နယ်က ဝီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း ဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်းကို ဒီဇင်ဘာ ၄ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် လက်ပံတန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အရှည်ပေ ၇၅၀၊ အကျယ် ၁၂ပေရှိ လေးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းနှင့် အရှည်ပေ ၇၅၀၊ အကျယ် ၁၂ပေရှိ နှစ်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းတို့အား ဆောင်ရွက်ခဲ့သည်။

အလားတူ ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်တွင် မြို့ပြလုပ်ငန်းများဖြစ်သော အရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ပေရှိ ငွေဆင်လမ်း ကတ္တရာခင်းခြင်း၊ အရှည်ပေ ၁၀၅၀၊ အကျယ် ၁၂ ပေရှိ ဈေးလမ်းသွယ်(၁) ကတ္တရာခင်းခြင်း၊ အရှည်ပေ ၈၆၀၊ အကျယ်ပေ ၂၀ ရှိ ရွှေလီရတနာလမ်း (စံပြလမ်း) ကတ္တရာခင်းခြင်း၊ အရှည် ၅၂၅ ပေ၊ အကျယ် ၁၈ ပေရှိ အားကစားကွင်း အဝင်လမ်း ကတ္တရာခင်းခြင်း၊ အရှည်ပေ ၁၅၄၀၊ အကျယ် ၁၈ ပေရှိ မြို့ပတ်လမ်း အကြီးစားပြင်ဆင်ခြင်း လုပ်ငန်းနှင့် အရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ ပေရှိ ရွှေသမင်လမ်း ကတ္တရာခင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်း [ဗဟန်း (၃)လမ်း မှတ်တိုင်အနီး]တွင် အမှတ် (၃၄၉)/B, ဗညားဒလလမ်း တာမွေမြို့နယ်နေ ဦးညီညီစံ၊ ဒေါ်စန်းစန်းဆွေ၊ သားကောင်းမြတ်စံ ငါးနှစ်မြောက် မွေးနေ့ အလှူအဖြစ် FEC 200 ကို ဦးနေဝင်းအောင် (အဖွဲ့ဝင်) သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ထားဝယ်မှ ကော့သောင်းအထိ တစ်ကိုယ်တော်လမ်းလျှောက်

ရန်ကုန် ဇန်နဝါရီ ၂၃

တနင်္သာရီတိုင်း ထားဝယ်မြို့နယ်မှစတင်၍ ကော့သောင်းမြို့အထိ တစ်ကိုယ်တော်ခြေကျင်လမ်းလျှောက်မည့် ထားဝယ်မြို့၊ ဝဲကျွန်းထိန်သစ်ရပ်၊ ကျွန်းမွေးလမ်း အမှတ် (၆၉၇) နေ ဦးသီးလှိုင်သည် ဒီဇင်ဘာလ ၂၂ ရက် နံနက် ၆ နာရီခွဲတွင် ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့မှ စတင်ထွက်ခွာသည်။

တနင်္သာရီတိုင်းအတွင်း ထားဝယ်မြို့မှစတင်၍ ရေဖြူ၊ လောင်းလုံး၊ သရက်ချောင်း၊ ပုလော၊ မြိတ်၊ ကျွန်းစု၊ တနင်္သာရီ၊ ဘုတ်ပြင်း၊ ကလိန်အောင်၊ ပလောက်၊ ကရသူရိ၊ ပြည်ကြီးကဏ္ဍိုင်၊ ခမောက်ကြီးမြို့နယ်သို့ ဖြတ်သန်းလမ်းလျှောက်ပြီး ကော့သောင်းမြို့ ဘုရင့်နောင်အငူရှိ ဘုရင့်နောင်မင်းတရားကြီး ရုပ်တုရှေ့တွင် ခရီးစဉ်ကို ပြီးဆုံးမည်ဖြစ်သည်။ (၅၃၃)

ယန္တရားဖြင့် ဆောင်ရွက်

ကလေးမြို့ ကျွန်စစ်သားလမ်းပေါ်ရှိ သစ်သားတံတား တည်ဆောက်ရာတွင် အမာခံမြေသား ရရှိရေးအတွက် အဖွဲ့ပိုင်ယန္တရားဖြင့် ဆောင်ရွက်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၅ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျိုင်းတုံမြို့ ဆုတောင်းပြည့် မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကြီး မကိုဋ်တော်၊ မုနိတော်နှင့် စလွယ်တော် လှူဒါန်းရန် အလှူငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဆုတောင်းပြည့် မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကြီး မကိုဋ်တော်နှင့် စလွယ်တော် ဆက်ကပ်လှူဒါန်းရန် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၂ရက် နံနက် ၉နာရီက အဆိုပါ မဟာမြတ်မုနိဘုရားကြီး ဂန္ဓကုဋိတိုက်၌ ကျင်းပရာ အခမ်းအနားသို့ ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက် နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရအမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက် နာယကဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြ၍ ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူငွေများ ပေးအပ်လှူဒါန်းပွဲကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး ဒေါ်ခင်ပြုံးဝင်း မိသားစုနှင့် တြိဂံဒေသ တိုင်းစစ်ဌာနချုပ်မှ ငွေကျပ် ငါးသိန်းစီ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)မှ ငွေကျပ် ၁၀ သိန်း၊ လန်ဖုန်ဒန်နှင့် ဆာဟာခိုကုမ္ပဏီမှ ငွေကျပ် သိန်း ၅၀၊ ဦးရွှေအေး၊ ဇနီး ဒေါ်နန်းကောင်ခမ်း မိသားစုက ငွေကျပ် သိန်း၄၀၊ အလူရာ ဂရု(ပ်)မှ ငွေကျပ် သိန်း ၃၀၊ ဦးမြင့်သိန်း၊ ဇနီးဒေါ်နန်းနွဲ့ (မြင့်ကုန်စည်ပို့ဆောင်ရေး)မှ ငွေကျပ် ၁၀သိန်း၊ မစ္စလူဇာ(ရီဂျင်နာဟိုတယ်)၊ ဦးကျော်ငြိမ်း ဇနီး ဒေါ်နန်းခမ်းဆောင် မိသားစု၊ ဒေါက်တာ စိုင်းဆေးကော်၊ ဇနီး ဒေါ်နန်းဆိုင်လီ မိသားစုတို့က ငွေကျပ် ငါးသိန်းစီအပါအဝင် အလှူရှင် ၇၆ ဦးတို့က စုစုပေါင်း ငွေကျပ် ၂၁၅၅၆၀၀၀ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ကျိုင်းတုံမြို့ သာသနာ့ဝေပုလ္လပရိယတ္တိစာသင်တိုက် နာယကဆရာတော် ဘဒ္ဒန္တဝိဇယက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဒီဇင်ဘာ ၂၂ ရက်က မိုးညှိမြို့နယ် ဆင်ခေါင်းအုပ်စု ဆင်ခေါင်းရွာတွင် ကိုယ့်အား ကိုယ် ကိုးဖူးမွှင့်ဝေ စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ပြန်/ဆက် ခေတ်ပုံကျွမ်းကျင် (၂) ဦးခင်လတ်၊ စခန်းမှူး ရဲအုပ်ဇော်လွင် တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(၅၀၈)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်



ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာ ကျေးလက်ရေပေးရေးလုပ်ငန်းမှ ရေစစ်ကန်တည်ဆောက်ထားရှိမှုနှင့် ရေပိုက်လိုင်းများသွယ်တန်း ဆောင်ရွက်နေမှုတို့ကို ဒီဇင်ဘာ ၂၆ ရက်က အမှုဆောင်အရာရှိ ဦးမင်းဟန်နှင့် အငယ်တန်းအင်ဂျင်နီယာ (၃)ဦးနိုင်ထွန်းလှိုင်တို့ လုပ်ငန်းဆောင်ရွက်မှုကို အနီးကပ်ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

နှစ် (၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် မြို့နယ် ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်

တန့်ဆည် ဒီဇင်ဘာ ၁၅

တန့်ဆည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ နှစ်(၆၀) ပြည့်တပ်မတော်နေ့ အထိမ်းအမှတ် မြို့နယ်အဆင့် ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၇ရက် နံနက် ၉နာရီက နဘက်ကြီး အခြေခံပညာ အထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ အခမ်းအနားကို ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။ ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲ ဆက်လက်ကျင်းပရာ ပထမဆုရ တန့်ဆည် အထက်တန်းကျောင်းမှ မောင်ထွန်းအောင်နိုင်၊ ဒုတိယဆုရ တန့်ဆည် အထက်တန်းကျောင်းမှ မောင်ရန်နိုင်ဝင်း၊ တတိယဆုရ ကံထူး အထက်တန်းကျောင်းခွဲမှ မောင်လှမျိုးတို့အား မြို့နယ်ပညာရေးမှူး ဦးကံသိန်း၊ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းဇော်မြင့်နှင့် နဘက်ကြီးအထက်တန်းကျောင်းအုပ်ဆရာကြီး ဦးကျော်ဆွေတို့က တစ်ဦးချင်းဆုများ ပေးအပ်ချီးမြှင့်သည်။

(မြို့နယ်ပြန်/ဆက်)

ကြေးမုံ The Mirror
မြို့နယ် သတင်းများ

လောကအလင်းရောင် စာကြည့်တိုက်ဖွင့်

ရွှေဘို ဒီဇင်ဘာ ၇

ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ပိတ္တောကျေးရွာ လောကအလင်းရောင် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီက ပိတ္တောကျေးရွာ လောကအလင်းရောင်စာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် လောကအလင်းရောင် စာကြည့်တိုက်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအုန်းသန်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးအောင်မြင့်နောင်၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဆရာတော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

(ခရိုင်ပြန်/ဆက်)

ကျောက်တော်မြို့နယ် စာကြည့်တိုက်များ ဖွင့်လှစ်ရေး စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

ကျောက်တော် ဒီဇင်ဘာ ၂၀

ကျောက်တော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် ကျေးရွာအုပ်စု ၁၀ အုပ်စုသို့ စာအုပ်မျိုးစုံ မတည်ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၃၀ ရက်က ကျောက်တော်မြို့နယ် ကစ္ဆပနဒီခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာမြို့နယ် အတွင်းရေးမှူး ဦးသိန်းမောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်အေးမြသန်းက ကျေးလက်ဒေသ အသိပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသ၊ မဂ္ဂဇင်းစာအုပ်မျိုးစုံ ၅၅၀ ကို ကျေးရွာဥက္ကဋ္ဌများသို့ ပေးအပ်လှူဒါန်းကြသည်။

(မြို့နယ်ပြန်/ဆက်)

မုဒုံမြို့နယ်၌ သွေးလှူရှင်ဂုဏ်ပြုပွဲ ကျင်းပ

မုဒုံ ဇန်နဝါရီ ၂၂

မုဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော သွေးလှူရှင်ဂုဏ်ပြုပွဲ၊ အလှူငွေပေးအပ်ပွဲ၊ ဂုဏ်ပြုလက်ဆောင်ပေးအပ်ပွဲနှင့် သွေးလှူရှင် မှတ်တမ်းစာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ရက်က မုဒုံမြို့ ရွှေဟသ်ာခန်းမဆောင်တွင် ကျင်းပရာ သွေးလှူဒါန်းရေးကော်မတီ၊ ရန်ပုံငွေရှာဖွေရေး ကော်မတီဥက္ကဋ္ဌ အဖွဲ့ဝင်(၂) မြို့နယ် (လဝက) မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်၊ မော်လမြိုင်ခရိုင်အသင်း အတွင်းရေးမှူး ဒေါက်တာတိုးတိုးအောင်နှင့် မုဒုံအသင်း (ရန်ကုန်) အသင်းဥက္ကဋ္ဌ ဦးအောင်ပါသိန်းတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် သွေးလှူရှင်များအတွက် ရာသက်ပန် ငွေပဒေသာပင်စိုက်ထူရာတွင် အလှူရှင်များက လှူဒါန်းငွေကျပ် ၇၃၇၅၀၀ ကို ပေးအပ်ရာ သွေးလှူဒါန်းရေးကော်မတီနာယက ဒေါက်တာမြင့်ဦးက လက်ခံရယူသည်။ **(၃၀၇)**

၂၀၀၄–၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် နတ်တလင်း–တာပွန် ကျေးလက်ကျောက်ချောခင်းခြင်း လုပ်ငန်းကို ဇန်နဝါရီ ၁၄ ရက်က နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် မြို့တွင်းလမ်းသွယ်ဖြစ်သော ဆေးရုံလမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်မောင်ဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမင်းသိန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)



နိုင်ငံတော်၏အနာဂတ် တည်ငြိမ်ခိုင်မာရေးအတွက် အခြေခံအုတ်မြစ်များ တည်ဆောက်နိုင်ရန် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်နေ တိုင်းရင်းသားအဖွဲ့အစည်းအားလုံး မူဝါဒလမ်းစဉ်(၇)ရပ်၏ အဆင့်တိုင်းတွင် တက်ကြွစွာပါဝင်

ရန်ကုန်　　ဇန်နဝါရီ　　၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကချင်ပြည်နယ် အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ ဦးဂေါ်ရီဇော်ဆိုင်းနှင့် အဖွဲ့ဝင်များအား ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်တင်ထွတ်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ကချင်ပြည်နယ် အထူးဒေသ(၂)ဒုတိယဥက္ကဋ္ဌ ဦးဂေါ်ရီဇော်ဆိုင်းနှင့်အတူ အတွင်းရေးမှူး ဒေါက်တာလဂျာ၊ ငြိမ်းချမ်းရေးအကျိုးဆောင်များဖြစ်ကြသော ဒေါက်တာဇော်ဂွမ်နှင့် ဦးခွန်မြတ်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မိမိအနေဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တစ်ဖွဲ့ပြီးတစ်ဖွဲ့ အချိန်ယူတွေ့ဆုံပြီး တိုင်းရင်းသားလူမျိုးများနှင့် တိုင်းရင်းသားအဖွဲ့အစည်းများအပေါ် နိုင်ငံတော်ကထားရှိသည့် ယခင်သဘောထား ခံယူချက်များအတိုင်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းပြလျက်ရှိကြောင်း။

တိုင်းရင်းသားအဖွဲ့အစည်းများအပါအဝင် နိုင်ငံတော်အတွင်းရှိ နယ်ပယ်ကဏ္ဍစုံ အလွှာစုံမှ ကိုယ်စားလှယ်များ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✧

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကချင်ပြည်နယ် အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ ဦးဂေါ်ရီဇော်ဆိုင်းနှင့် အဖွဲ့အား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

မိမိတို့ ကချင်တိုင်းရင်းသားများနှင့် မိမိတို့ အဖွဲ့အစည်းအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြည့်မြောက်သည်အထိ ဆက်လက် လက်တွဲဆောင်ရွက်သွားမည်။

ခေါင်းကြီး ဆောင်းပါး အညွှန်း

* ***သုတေသနညီလာခံတွင် ကျန်းမာရေးဝန်ကြီးဌာန၊ ဆက်နွှယ်နေသော ဝန်ကြီးဌာနများနှင့် ပြည်တွင်းပြည်ပတို့မှ သုတေသနပညာရှင်များက ကျန်းမာရေး သုတေသနစာတမ်းအစောင် (၇၀)ကို ဖတ်ကြား တင်သွင်းခဲ့ကြသည်။***

(ခေါင်းကြီး) စာမျက်နှာ-၂

* ***ပဲပုပ်သည် အာဟာရပြည့်ဝသည့် သီးနှံဖြစ်ပါသည်။ ယနေ့ ကမ္ဘာ့နိုင်ငံ အများအပြားက ကျန်းမာရေးအတွက် အကောင်းဆုံး အစားအစာတစ်မျိုးအဖြစ် တညီတညွတ်တည်း သတ်မှတ်ခံထားရသော သီးနှံတစ်မျိုးလည်း ဖြစ်ပါသည်။***

(မောင်စီးပွား၏ ဆောင်းပါး) စာမျက်နှာ-၆